ANTI – CORRUPTION COMMISSION(MYANMAR)

ဖြောင့်မတ်တည်ကြည်မှု INTEGRITY
လွတ်လပ်စွာရပ်တည်နိုင်မှု INDEPENDENCE
တာဝန်ယူမှု ACCOUNTABILITY
ပွင့်လင်းမြင်သာမှု TRANSPARENCY
မျှတမှု FAIRNESS
အားလုံးပါဝင်နိုင်မှု INCLUSIVENESS

# E-Newsletter

Vol.1,No.2 Jun,2023

## ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်

နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်။

- ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တရားမဝင်ကုန်သွယ်မှု ၄၉၇ ခု၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂ ဘီလီယံကျော်ရှိခဲ့ပြီး ၁/၂၀၂၃ တွင် ၆၁ ခု ၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄.၆၃ ဘီလီယံ ပိုမိုဖမ်းဆီး ရမိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ရာ၌ ၂၃၀ ခု ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈.၈၆ ဘီလီယံ ပိုမို ဖမ်းဆီးရမိခဲ့ကြောင်း၊ အကောက်ခွန်ဦးစီးဌာနနှင့် One Stop Service – OSS ဌာနဆိုင်ရာအဖွဲ့များ၏ စီမံချက်အတိုင်း ထိရောက်စွာတားဆီး ဆောင်ရွက်နိုင်ခဲ့ ကြောင်း၊
- ဝန်ထမ်းများ အနေဖြင့် အဂတိကင်းရှင်းကြရန် အလေးထားမှာကြားလိုကြောင်း၊ နိုင်ငံတော်ပိုင် ငွေကြေးပစ္စည်း ဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုကို အလေးထားကြပ်မတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အဂတိ ကင်းရှင်းပြီး နိုင်ငံတော်အပေါ် စိတ်ကောင်းစေတနာထား၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ
လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၃)
မိန့်ခွန်းကောက်နုတ်ချက်

# မာတိကာ

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပခြင်း
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့ တွေ့ဆုံခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်း
- ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- ပညာရေးဝန်ကြီးဌာန အောက်ရှိ ဆရာ/ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေး ဆွေးနွေးမှု အစီအစဉ်များ ကျင်းပခြင်း
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ခန်းစာပို့ချမှုများ
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ
- စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှု ဖြင့် ညောင်ဦးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ

# မာတိကာ

➢ International Anti-Corruption Academy (IACA) က ကြီးမှူးကျင်းပသည့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Jeffery D. Sachs ၏ "ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ" ဆွေးနွေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Online မှ တက်ရောက်ခြင်း

➢ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး တို့အကြား ပူးပေါင်းကျင်းပသည့် ဥပဒေကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း

➢ အဂတိလိုက်စားမှုအတွက် အရပ်ဘက်နှင့် စီမံအုပ်ချုပ်မှုတာဝန်ခံမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးသို့ အာရှပစိဖိတ်ဒေသအုပ်စု (Asia Pacific Group) ကိုယ်စားပြု၍ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း တက်ရောက်ခြင်း

➢ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းအား အဂတိလိုက်စားမှုများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့

➢ EU ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ

➢ ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ဆန္ဒပြမှုများ

➢ "လာတော့မကွဲ့ ရွှေဇဟိုရ်"

➢ နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ရန် ဆောင်ရွက်ခြင်း

➢ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ

➢ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ

➢ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်နှင့်ဝန်ထမ်းများတွေ့ဆုံပွဲ

➢ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်ရုံးဝန်ထမ်းများ၏ မိတ်ဆုံနှေလယ်စာစားပွဲ

➢ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်နှင့် ရုံးခွဲများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များတွင် မီးဘေးလုံခြုံရေးအသိပညာပေးဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပခြင်း

**နေပြည်တော် မတ် ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၀၉:၀၀ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်း အနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် မိသားစုဝင်များ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ၌ ကော်မရှင်၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့်ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် လူမှုရေးကိစ္စလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊







အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေရည်ရွယ်ချက်တစ်ခုဖြစ်သည့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး အတွက်သည် ကော်မရှင်၏ အမျိုးသားရေးတာဝန် တစ်ရပ်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန် ထမ်းဆောင်ရာတွင်ကော်မရှင်၏ ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်အရေးကြီးပါကြောင်း၊ ဆောင်ရွက်ချက်များအပေါ် အမြဲမပြတ် ကြည့်ရှုထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ် (၃) ရပ် နှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှုမဖြစ်ပေါ်မီကပင် အသိပညာပေးရေးနှင့်

ကြိုတင်တားဆီးကာကွယ်ရေး တို့သည် အထူးဂရုပြု ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် နည်းလမ်းများစွာဖြင့် အသိပညာပေးဆောင်ရွက် သင့်ပါကြောင်း၊ အဓိကပြောကြားလိုသည်မှာ နောင်မျိုးဆက်သစ် ကျောင်းသားအရွယ်လူငယ်များကို ငယ်စဉ်ကတည်းကပင် ဗုဒ္ဓဘာသာဝင်တို့၏ အစဉ်အလာအတိုင်း ငါးပါးသီလ မြဲမြဲအောင်နှင့် ပြည်သူ့နီတိဆိုင်ရာ ကျင့်ဝတ်များကို သက်ဆိုင်ရာဌာနများ၏ကူညီပံ့ပိုးမှုဖြင့် ထိရောက်ကျယ်ပြန့်စွာဖြင့် ကြိုးစားဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုများအကြား အဂတိလိုက်စားမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားရန် အထူးလိုအပ်ပါကြောင်း တိုက်တွန်း ပြောကြားပါသည်။ ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ ဆရာနှင့် တပည့် ၊ မိဘနှင့် သားသမီး ထောက်ပံ့ငွေများမှ ကံစမ်းမဲဆုကြီးများ မဲဖောက် ချီးမြှင့်ပေးခြင်း ၊ ဝန်ထမ်းတစ်ဦးချင်း အတွက် Track Suit အင်္ကျီများ လက်ဆောင်ပေးခြင်း၊ အဆို၊ အကများဖြင့် ဖျော်ဖြေခြင်းနှင့် နေ့လယ်စာကျွေးမွေးခြင်းများဖြင့် အောင်မြင်စွာကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့ တွေ့ဆုံခြင်းနှင့် ပုဂ္ဂလိက ကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း

**နေပြည်တော် မတ် ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌဒေါက်တာဌေးအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ရုံး ညှိခန်းမတွင် တွေ့ဆုံ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များ ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အတူတကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင် သွားနိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် အသိပညာပေးမြှင့်တင်ခြင်းအပိုင်းတွင် အခြေခံ ပညာအဆင့်မှ အထက်တန်းပညာအဆင့်ထိ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ သူများအတွက် ဆရာကိုင်စာအုပ်များနှင့် ရည်ညွှန်းစာစောင်များလည်း ဖြန့်ဝေထားရှိပြီးဖြစ်ရာ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်သွားလိုပါကြောင်း၊



ဆွေးနွေးရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က နွေရာသီ ကျောင်းပိတ်ရက် လများတွင် အခြေခံနှင့် အထက်တန်းကျောင်းများသာမက ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားပါသည်။

ဆက်လက်၍ကော်မရှင်ဥက္ကဋ္ဌသည် နေ့လယ် ၂ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ပြုလုပ်သော ပုဂ္ဂလိကကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်က အဂတိလိုက်စားမှုလျော့နည်းကျဆင်းလာစေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများနှင့် တားဆီးကာ ကွယ်ရေးသည် အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက် ရန်လိုအပ်ပါကြောင်း ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေးအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် စာရိတ္တမဏ္ဍိုင်ခိုင်မာစေရေးပညာပေးအစီအစဉ်များကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်သင်ကြားစေလိုပါကြောင်း၊ Prevention is better than cure ဆိုသကဲ့သို့ အဂတိလိုက်စားမှုကိုမဖြစ်ခင်က ကြိုတင်ကာကွယ်ရန် လိုအပ်ပါကြောင်း၊ ယနေ့အခမ်းအနားဖြစ်မြောက်ရန် UMFCCI အနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးခြင်းသည် တစ်နည်းအားဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် မြှင့်တင်အားပေးဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအဆင့်တွင်လည်း




အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ CPU အဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ အဖွဲ့အစည်းများ သာမက ပုဂ္ဂလိက ကဏ္ဍမှလည်း လာဘ်ပေးလာဘ်ယူခြင်း ကိစ္စများကို ရှောင်ရှား ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်လျက်ရှိပြီး စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အလေးထားလိုက်နာဆောင်ရွက် လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း က မိမိတို့ အသင်းသည် ပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြုပြီး အစိုးရနှင့် ပေါင်းကူး တံတားသဖွယ် ဆောင်ရွက်ပေးနေသည့် အကျိုး အမြတ် ရယူခြင်းမရှိသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေသည့် ဦးဆောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ အဂတိ လိုက်စားမှု တိုက်ဖျက်ခြင်းဖြင့် ကောင်းမွန်သည့် စီးပွားရေးပတ်ဝန်းကျင်တည်ဆောက်နိုင်ပြီး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်နိုင်မှာ ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော စီးပွားရေး လုပ်ငန်းများ ပေါ်ထွန်းလာရေးပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ကော်မရှင် အဖွဲ့ဝင် ဦးသန်းထွတ်သိန်း က ဆက်လက် ဆွေးနွေး ရာတွင် အဂတိလိုက်စားမှု စနစ်ဆိုးကို တိုက်ဖျက်ရန် အတွက် ပုဂ္ဂလိကအကျိုးစီးပွားနှင့် အများပြည်သူ အကျိုးစီးပွားကြား ခွဲခြား စဉ်းစားတတ်ရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိကအကျိုးစီးပွား အတွက် အများပြည်သူ၏ အကျိုးစီးပွားကို မထိခိုက် စေသင့်သည့် အချက်သည် လူတိုင်းတွင် ထားရှိ အပ်သည့် အခြေခံကိုယ်ကျင့်တရားဆိုင်ရာ စံတစ်ရပ် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက် ရာတွင် တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေး ခြင်း နည်းလမ်းများသည် အခြေခံကျသည့် နည်းလမ်း များဖြစ်သည့်အတွက် ယခုကဲ့သို့ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါ ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ညီနောင်ကုန်သည်အသင်း နှင့် အသင်းဝင်ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင် များနှင့် တာဝန်ရှိပုဂ္ဂိုလ် ၁၈၀ ဦးခန့် တက်ရောက်ကြ သည်။ ဆွေးနွေးပွဲတွင် ၎င်းတို့၏ သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် တို့က ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ပြီး ညနေ ၄ နာရီတွင် အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း ဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း

**နေပြည်တော် မတ် ၁၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်ကယားပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း ဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားကို Online စနစ်ဖြင့် ယနေ့နံနက် ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊






အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားခြင်းဖြင့်ပြည်သူ့ဘဏ္ဍာများကိုနိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းစေမည့်နေရာများတွင် မှန်မှန်ကန်ကန်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်းပြောကြားပါသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် က ၂၀၂၁ ခုနှစ်၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်က **“လူမှုအဖွဲ့အစည်း အတွင်း အဂတိလိုက်စားမှုကိုလက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေရန်အတွက် ပြည်သူလူထု တစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာလူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနှင့် အဂတိကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မည် ဖြစ်ကြောင်း"** ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က **“အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီးနိုင်ငံအတွက်အန္တရာယ်ဖြစ်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့်ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊**



**အဂတိလိုက်စားမှု လျော့နည်းကျဆင်းရေးဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလုံးဝ လက်မခံသည့် ယဉ်ကျေးမှုပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက် ခြစားမှုများ မရှိစေရေးအတွက် အခြေခံအဂတိလိုက်စားမှု အကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း"** မိန့်မှာခဲ့ပါကြောင်း။ အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက်များစွာပိုမို ကျယ်ဝန်းပါကြောင်း၊ ယုံကြည်အပ်နှံ

ထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစား ပြုခြင်းသည် အစိုးရဌာနများတွင် သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါသက်ဆိုင်ပြီး လာဘ်ငွေ အနည်းငယ်ပေးခြင်း ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကိုထိခိုက် နစ်နာပျက်စီး ဆုံးရှုံးစေခြင်းအထိပါဝင်ပါကြောင်း၊ အဂတိလိုက်စား ခြင်းသည် ပင်ကိုယ်သဘောအရ အကျင့်ဖောက်ပြန် ခြင်းဖြစ်သည့်အပြင် ပုံသဏ္ဌာန် အမျိုးမျိုးရှိသည့် အတွက် တံစိုးလက်ဆောင် ပေးခြင်း၊ ယူခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းတို့ သာမက လုပ်ပိုင်ခွင့် အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ မလျော်ဩဇာ သုံးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ခြိမ်းခြောက်၍ ငွေညှစ်ခြင်း။ အပေါင်းအဖော်ကောင်းစားရေးအတွက် ဘက်လိုက်ခြင်းနှင့် ဆွေမျိုးသားချင်းကောင်းစားရေး ဝါဒကျင့်သုံးခြင်းတို့ အထိပါဝင်ပါကြောင်း၊ အဂတိ လိုက်စားမှုစနစ်ဆိုးကို တိုက်ဖျက်ရန်အတွက် ပုဂ္ဂလိကအကျိုးစီးပွားနှင့် အများပြည်သူအကျိုးစီးပွား အကြား ခွဲခြားစဉ်းစားတတ်ရန် အရေးကြီးကြောင်း။ ပုဂ္ဂလိကအကျိုးစီပွားဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်၏ အကျိုးစီးပွားအပြင် ပုဂ္ဂိုလ်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခု၊ စက်ရုံအလုပ်ရုံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားဖြစ်ရာ အစိုးရက



ချမှတ်သည့် မူဝါဒများကို အကောင်အထည်ဖော်ရာ တွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာနှင့် အများပြည်သူ အကျိုးစီးပွားအတွက် အရည်အသွေး ပြည့်ဝသည့် ဝန်ဆောင်မှု ပေးလိုသည့် စိတ်ကောင်းစေတနာ အပြည့်အဝ ထားရှိရမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိမှသာ ပြည်သူလူထု၏ ယုံကြည် အားကိုးမှုကို ရရှိပြီး ရေရှည်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလ သမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (Substainable Development Goals (၁၇) ခု အနက် ၁၆.၅ တွင် ပုံစံအမျိုးမျိုးဖြင့် အကျင့်ပျက် ခြစားခြင်းနှင့်

လာဘ်ပေးလာဘ်ယူမှုများ အတော်အတန် လျော့ချရေးပါဝင်ပါကြောင်း ၊ ကော်မရှင် ကျင့်ဝတ် (Code of Conduct) ၏ အခြေခံမူ (၆) ချက်တွင် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန် ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု ဆိုသည့် ပြဋ္ဌာန်းချက် နှင့်အညီ ကြိုးစားလိုက်နာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုများကိုတိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့် အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ် နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်အသိပညာပေးဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုပ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်သို့ လှမ်းကိုင်နိုင်ရေးသည် အန္တိမရည်မှန်းချက် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ကယား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာနည်းပညာသင်တန်းကို မတ်လ ၁၅ ရက်နေ့တွင် ကယားပြည်နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) မှအဖွဲ့ဝင်များကို Online စနစ်ဖြင့် ဆက်လက်ဆွေးနွေး ပို့ချသွား မည်ဖြစ်ကြောင်း သိရသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

**“အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုဖြစ်ပွားပြီးမှ စုံစမ်းစစ်ဆေးအရေးယူခြင်းထက် “Prevention is better than Cure” ဆိုသည့် စကားနှင့်အညီ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းတို့ကို အထူးအလေးထား ဆောင်ရွက်ရမှာ ဖြစ်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဆိုပါလုပ်ငန်းများကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်လျက်ရှိရာ** အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်သည် ယနေ့ နံနက် ၀၈:၀၀ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် ၁၂ နှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု

သင်တန်းအမှတ်စဉ် ၁၃ တို့မှ သင်တန်းသား၊ သင်တန်းသူများအား **“အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ”** ဘာသာရပ်ကို သင်ကြားပို့ချခဲ့ပါသည်။ ထိုသို့ သင်ကြားပို့ချခဲ့ရာတွင် “သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်နှင့်အညီ နိုင်ငံတော်ယန္တရားတစ်ခုလုံးစဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားစေရန်၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး စနစ်တစ်ခု ဖြစ်ပေါ်စေရန်နှင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းတိုင်းသည် ဝန်ထမ်းကောင်း ဖြစ်ရန်လိုအပ်သည်နှင့်အညီ နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားတွင် ပါဝင်ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကိုလိုက်နာ စောင့်ထိန်းရန်လိုအပ်ပါကြောင်း” တိုက်တွန်းမှာကြားခဲ့ပါသည်။ ဆက်လက်၍ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဒွေးအောင်သည်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် မွန်းလွဲပိုင်းတွင် မန္တလေးမြို့၊ မြို့တော်ခန်းမ၊ ယုဇနညှော်ခန်းမ၌ တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီး






အတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြပါသည်။ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဒွေးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှပုဂ္ဂလိကကဏ္ဍသို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းအခမ်းအနား”သို့ တက်ရောက်၍ “ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍” ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ပူးပေါင်းညှိနှိုင်းချက်များဖြင့် မန္တလေးတိုင်းဒေသကြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit _ CPU) ကို အဖွဲ့ဝင်(၁၉) ဦးဖြင့်ဖွဲ့စည်း၍လုပ်ငန်းတာဝန်များ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအတွင်း ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံ ဝန်ဆောင်မှုပေးလျက်ရှိသော တိုင်းဒေသကြီးအဆင့် ဌာန (၃၁) ဌာနတွင်လည်း ဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုများပပျောက်မှသာ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရတစ်ရပ် ဖြစ်လာမည် ဖြစ်သဖြင့် အစိုးရ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထု တစ်ရပ်လုံးက ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း” ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံကောင်းများ တည်ဆောက်နိုင်ရန်အတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၈ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊



နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး၏ အဓိက အခန်းကဏ္ဍတစ်ခုမှာ စီးပွားရေးကဏ္ဍဖြစ်ရာ ယင်းကို နှောင့်နှေးစေသည်မှာ အဂတိလိုက်စားမှုပင် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများ ရှိနေပါက နိုင်ငံတော်၏ စီးပွားရေးစနစ်များ ယိုယွင်းပျက်စီးနိုင်ပါကြောင်း၊ အဂတိလိုက်စားမှု ကင်းစင်သော စီးပွားရေး လုပ်ငန်းနယ်ပယ် ဖြစ်ပေါ်လာစေရေးအတွက် ကော်မရှင်တစ်ခုတည်းက ဆောင်ရွက်၍ မရဘဲ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများကိုယ်တိုင်က ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဤတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးကုန်သည်စက်မှုအသင်းချုပ် (MRCCI) အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝ

ရှိသည့် စီးပွားရေးလုပ်ငန်းနယ်ပယ် ပေါ်ထွန်းလာမှသာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော စီးပွားရေးဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပုံဖော်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကြေညာချက်ကို ကုန်သည်စက်မှုအသင်းချုပ်နှင့် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါကြေညာချက်တွင် စီးပွားရေးလုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်နေသည့် အသွင်အမျိုးမျိုး



ဖြင့် ဖြစ်ပွားနေသောအဂတိလိုက်စားမှုများကို ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ သိက္ခာရှိမှု၊ ရဲရင့်မှု၊ တရားမျှတမှုတို့ဖြင့် တိုက်ဖျက်သွားရန် သဘောတူညီထားပါကြောင်း၊ ကော်မရှင်အနေဖြင့် “ပုဂ္ဂလိက အဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များနှင့်သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ” အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈ ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါအမိန့်ကြော်ငြာစာပါ အချက်များသည် စီးပွားရေးလုပ်ငန်းကဏ္ဍအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရန် ပြဋ္ဌာန်းထားရှိပါကြောင်းဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ပါသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်စက်မှုအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို Online စနစ်ဖြင့် ယနေ့နံနက် ၀၉:၃၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်း ကျဆင်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့်နေရာများတွင် မှန်မှန်ကန်ကန် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုး တိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်းပြောကြားပါသည်။







ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာဒွေးအောင်က ၂၀၂၁ ခုနှစ်၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "လူမှုအဖွဲ့အစည်း အတွင်း အဂတိလိုက်စားမှုကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေရန်အတွက် ပြည်သူလူထု တစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနှင့် အဂတိ

ကင်းစင်သောလူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မည်ဖြစ်ကြောင်း"ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က “အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက်အန္တရာယ်ဖြစ်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှု မရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့်ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံ အကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထား လုပ်ဆောင်သွားကြရန် လိုအပ်သည်ဟု“ မိန့်မှာခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုသည် ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းသည် အစိုးရဌာနများတွင်သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါ သက်ဆိုင်ပြီး လာဘ်ငွေ အနည်းငယ် ပေးခြင်း/ ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း အထိ ပါဝင်ပါကြောင်း၊ အဂတိလိုက်စားခြင်းသည် အကျင့်ဖောက်ပြန်ခြင်းဖြစ်သည့်အပြင် တံစိုးလက်ဆောင်ပေးခြင်း/ ယူခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဆရာမွေး တပည့်မွေးခြင်း၊ ခြိမ်းခြောက်၍ငွေညှစ်ခြင်း၊ အပေါင်းအဖော်ကောင်းစားရေးအတွက် ဘက်လိုက်ခြင်းနှင့် ဆွေမျိုးသားချင်း





ကောင်းစားရေးဝါဒကျင့်သုံးခြင်းတို့အထိပါဝင်ပါကြောင်း၊ အဂတိလိုက်စားမှုစနစ်ဆိုးကိုတိုက်ဖျက်ရန်အတွက် ပုဂ္ဂလိကအကျိုးစီးပွားနှင့်အများပြည်သူအကျိုးစီးပွား အကြား ခွဲခြားစဉ်းစားတတ်ရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိက အကျိုးစီးပွားဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအပြင် ပုဂ္ဂိုလ်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခု၊ စက်ရုံအလုပ်ရုံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားနှင့်လည်း သက်ဆိုင်ပါကြောင်း ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားဖြစ်ရာ အစိုးရကချမှတ်သည့်မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဖြောင့်မတ်တည်ကြည်မှု ရှိစွာနှင့် ဖြောင့်မတ်

တည်ကြည်မှုရှိစွာနှင့် စိတ်ကောင်းစေတနာ အပြည့် အဝထားရှိရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူ လူထု၏ ယုံကြည်မှုကိုရရှိမှာဖြစ်ပါကြောင်း၊ အဂတိ လိုက်စားမှုသည် စနစ်တကျ ဖြစ်ပေါ်နေသည့် Systemic Corruption ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလ သမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်(Substainable Development Goals) (၁၇) ခုအနက် ၁၆.၅ တွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည့် အကျင့်ပျက်ခြစားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုများ အတော်အတန်လျှော့ချ ရေး အားလုံးဝိုင်းဝန်း ပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊အဂတိလိုက်စားမှုကို တိုက်ဖျက် ရန်အတွက်ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းလိုက်နာရန် လိုအပ်ပါကြောင်းကော်မရှင်မှ ရေးဆွဲပြဋ္ဌာန်းထား သည့်ကျင့်ဝတ် (Code of Conduct) ၏ အခြေခံမူ (၆)ချက်တွင်ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာ ရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု ဆိုသည့် ပြဋ္ဌာန်းချက် များပါဝင်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ (၄) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ (၄)ပုဒ်မခွဲ (ဂ)တို့တွင်သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်၊ အများ ပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန် ရည်ရွယ် ချက်ဖြင့် ကော်မရှင်အား သတ်မှတ်တာဝန်ပေးထား တာဖြစ်သည့်အတွက် ထိုတာဝန်နှင့်အညီ ပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဌာနများမှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပညာ ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မူလတန်း၊ အလယ် တန်း၊ အထက်တန်းဆရာကိုင် စာအုပ်များနှင့် တက္ကသိုလ်အဆင့်ရည်ညွှန်း စာစောင်များပြုစုပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ် ပါကြောင်း၊ ကျောင်းများတွင် ကလေးငယ်များကို ဖြောင့်မတ်တည်ကြည်မှု ဆရာကိုင်လက်စွဲတွင် ပြဋ္ဌာန်းထားသည့် သင်ခန်းစာများကို ထည့်သွင်း သင်ကြားစေခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ CPU အဖွဲ့ဝင်များတွင်လည်း ပညာရေးဝန်ထမ်းများပါဝင်ဖွဲ့စည်းစေလိုပါကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိ ပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် အသိပညာ ပေးဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန် သည့် အရွေ့တစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အသိပညာပေးဟောပြောပွဲများမှ အသိ အမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နဲ့ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူး များ ရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့်နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်မှု တွင်အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ပါဝင်ဆောင်ရွက် ကြစေလိုကြောင်း၊ ကော်မရှင်အနေဖြင့် သန့်ရှင်း သောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သို့ လှမ်းကိုင်နိုင်ရေးသည် အန္တိမ ရည်မှန်းချက်ဖြစ်ပါ ကြောင်းပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲသို့ စစ်ကိုင်း တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။

# ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်ချင်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း ဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို Online စနစ်ဖြင့် ယနေ့နံနက် ၀၉:၃၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန် က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့်နေရာများတွင် မှန်မှန်ကန်ကန်သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ






အနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ် တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု သည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခု ဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်းပြောကြားပါသည်။ ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အဂတိလိုက်စားမှုသည် ပေးခြင်း၊ ယူခြင်း ဆိုသည့် လာဘ်ပေးလာဘ်ယူမှုသာမက နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ



ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်လာကြောင်း၊ အထူးသဖြင့် systemic corruption အသွင် ဆောင်ရွက်လာကြကြောင်း၊ သာမန်ကိစ္စသာမဟုတ်၊ နိုင်ငံပိုင်ဘဏ္ဍာငွေကြေး၊ ပစ္စည်းဆုံးရှုံးမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ်အထိ (၄) ကြိမ်တိုင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ လက်ရှိဥပဒေအပေါ် ပြန်လည်ဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု အဓိပ္ပာယ်ကို ပိုမိုကျယ်ဝန်းစွာ ဖွင့်ဆိုပေးခြင်းဖြင့် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုလေးနက်သည့် နိုင်ငံတော်၏ အကျိုးစီးပွားများ၊ တန်ဖိုးထားမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်စေသည့် အခြားအဂတိလိုက်စားမှု ပုံသဏ္ဌာန်များကိုပါ ကော်မရှင်က ဖော်ထုတ် တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကိုတိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ အသိပညာပေးခြင်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် အဂတိကိုလက်မခံသည့် လူမှုအသိုက်အဝန်းဖော်ဆောင်နိုင်ရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လိုက်နာရန် ကျင့်ဝတ်များ ချမှတ်ထားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု စသည့် အခြေခံသဘောတရားများနှင့်အညီ ကျင့်ကြံလုပ်ကိုင်ကြရမှာ ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ကြောင်း၊ ကော်မရှင် အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်သို့ လှမ်းကိုင်နိုင်ရေးသည် အန္တိမ ရည်မှန်းချက်ဖြစ်ပါကြောင်း စသဖြင့် ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာနည်းပညာသင်တန်းကို ဧပြီလ ၄ ရက်နေ့တွင် ချင်းပြည်နယ်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) မှ အဖွဲ့ဝင်များကို Online စနစ်ဖြင့်ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း ဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အစည်း အဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်စကားပြောကြားရာ၌ ယနေ့ အခမ်းအနားကို ကျင်းပခြင်းဖြင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်နစ်နာ ဆုံးရှုံး ရသည့်ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုး များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိ နားလည်ပြီး






အဂတိလိုက်စားမှုဖြစ်ပေါ်လာနိုင်သည့် အကြောင်း အရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် လူတစ်ဦးချင်းစီ၏ အကျင့် စာရိတ္တများကိုပျက်စီးစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကျဆင်း စေနိုင်ပါကြောင်း၊ ထို့အပြင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး ပြည်သူ များအကြား ဆင်းရဲချမ်းသာ ကွာဟမှုများကိုလည်း ဖြစ်ပေါ်လာစေနိုင်ပြီး ပြည်သူလူထု၏ယုံကြည်မှု ကို လျော့ကျစေကာ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်လူမှုယဉ်ကျေးမှုတစ်ခုလုံးကိုပါ ယိုယွင်း ပျက်စီးစေနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ပြန့်ပွား နိုင်ပြီး အဂတိလိုက်စားပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူခံရမည့် အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာ ထိခိုက် ကျဆင်းစေမည်ဖြစ်သည့် အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိ ရှောင်ကြဉ် ရန်အထူးလိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက် ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊

တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျောသားရင်သားမခွဲခြားဘဲမျှတစွာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းရှင်းသည့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်လာမှ စုံစမ်းစစ်ဆေး အရေးယူခြင်းထက် အဂတိလိုက်စားမှုများ ဖြစ်ပွားမှု မရှိစေရန် ကြိုတင်တားဆီး ကာကွယ်ရမည်ဖြစ် ပါကြောင်း၊ အရာထမ်း၊အမှုထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင် ဗဟုသုတများကို မိမိတို့မှတဆင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့အဖွဲ့အစည်းများသို့ ပြန်လည်မျှဝေ ပေးကြရန်နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန်၊ မိမိတို့ကစပြီး အဂတိလိုက်စားမှုကို ငြင်းဆိုကြရန်လည်း အထူးတိုက်တွန်းလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU) ကို (၇-၅-၂၀၂၁) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)ဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်း အစီရင်ခံစာ တင်ပြဆောင်ရွက်လျက်





ရှိပါကြောင်း၊ ထို့အပြင်ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် အဂတိလိုက်စားမှုမရှိစေရေးနှင့်တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်လျက်ရှိသော၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပိုမိုခိုင်မာစွာ ဖြစ်ပေါ်လာစေရန် ဦးတည် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားပါသည်။ ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အမှာစကားပြောကြားရာတွင် အဂတိဆိုသည်မှာ လားရာကို ဆန့်ကျင်ခြင်းဟု အဓိပ္ပာယ်ရပြီး ဘာသာတရားအရ ငါးပါးသီလကို မြဲမြံစွာလိုက်နာစောင့်ထိန်းပါက အဂတိတရားကင်းရှင်းသွားမည်ဖြစ်ပါကြောင်း၊ ငယ်စဉ်ကပင် နေ့စဉ်ပြုမူနေထိုင် ပြောဆိုလုပ်ကိုင်ရာတွင် ပြည်သူ့နီတိနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေး သင်ကြားပို့ချရန် လိုအပ်ပါကြောင်း၊

ကော်မရှင်အနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင် လက်စွဲစာအုပ်များကို အခြေခံပညာ မူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ရေးဆွဲပြုစုပြီး အဆင့်လိုက်ဘာသာရပ်များတွင် ထည့်သွင်းရေးဆွဲကာ သင်ကြားပို့ချနိုင်ရေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် အခြေခံပညာကျောင်းများတွင်လည်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် Edutainment အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု ကို မဖြစ်ခင်ကပင် ကြိုတင်တားဆီးကာကွယ်ခြင်း သည် ထိရောက်သည့်နည်းလမ်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို (၄) ကြိမ်တိုင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ထပ်မံ၍ပြန်လည် ဆန်းစစ်လျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ကျင့်ဝတ်ကို ပြဋ္ဌာန်းထားပြီး ကျင့်ဝတ်ပါ အခြေခံမှုများ ဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ မျှတမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ဆောင်ရွက်မှုများရှိစေရေး အလေးထားလိုက်နာဆောင်ရွက်ရပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (၁၇)ချက်ကို အောင်မြင်စွာ အကောင်ထည်ဖော်နိုင်ရန်မှာ ပန်းတိုင် (၁၆.၅) တွင် ဖော်ပြထားသည့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အဂတိလိုက်စားမှုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များကိုလည်း ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း (၃၈) ခုအပြင် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခု တွင်လည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ CPU အဖွဲ့များကို ခရိုင်အဆင့်၊ မြို့နယ်အဆင့်ထိ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ CPU အဖွဲ့များအနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များပါ အချက်များကို အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံအနှံ့ ဖြစ်ပွားလျက် ရှိပါကြောင်း၊ ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုကြောင့် ကမ္ဘာ့ GDP ၏ (၂.၆) ထရီလီယံခန့် ဆုံးရှုံးလျက်ရှိပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် (၅)% ခန့် ဆုံးရှုံးလျက်ရှိပါကြောင်း၊ ကော်မရှင်၏ ဆောင်ပုဒ် ဖြစ်သည့် “ Remove Corruption, Promote Prosperity” “အဂတိပယ်ခွာ ပြည်သာယာ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။ ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ ဌာနခွဲများမှ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဆရာ/ ဆရာမများ မွမ်းမံသင်တန်းတွင်အသိပညာပေးဆွေးနွေးမှုအစီအစဉ်များ ကျင်းပ

**နေပြည်တော် မတ် ၂၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင်အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်ခဲ့ရာ နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ အထက (၅) နှင့် (၇) တို့တွင်လည်းကောင်း၊ ကော်မရှင် (ရုံးခွဲ) များမှ အရာထမ်းများက ရန်ကုန်မြို့ရှိ အလုံ အထက (၄) နှင့် လသာ အထက (၁)၊ ဘားအံမြို့ရှိ အထက (၁) နှင့် (၂) ကျောင်းများတွင်လည်းကောင်း အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ/ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။









# ဆရာ/ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေးမှု အစီအစဉ်များ ကျင်းပ

**နေပြည်တော် မတ် ၁၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကိုတွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းများတွင်အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ရာကော်မရှင်အဖွဲ့ဝင်များ က ကြီးကြပ်လိုက်ပါလျက် ကော်မရှင် (ရုံးခွဲ) များမှ အရာထမ်းများက ပဲခူးတိုင်းဒေသကြီး (အရှေ့) ရှိ အထက (၁) နှင့် အထက (၃) တို့တွင် လည်းကောင်း၊ မကွေးတိုင်း ဒေသကြီးရှိ အထက (၄) နှင့် အထက (၁) တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရှိ အထက (၁)၊ အထက (၄) နှင့် အထက (၈) တို့တွင် လည်းကောင်း၊ မော်လမြိုင်မြို့ရှိ အထက (၈) နှင့် အထက (၉) တို့တွင် လည်းကောင်း၊ အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ/ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။





## နေပြည်တော် မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အထက (၁၄) ၊ အထက (၂၂)နှင့် အထက (၂၃) တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့) ရှိ ကျိုင်းတုံအထက (၂)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ တောင်ကြီး အထက (၃) တို့တွင်လည်းကောင်း၊ အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ/ဆရာမများ ကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။





## နေပြည်တော် မတ် ၂၈

ကရင်ပြည်နယ် ဘားအံမြို့ရှိ အထက(၁)တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ အထက(၁)တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ စမ်းချောင်းမြို့နယ်ရှိ အထက(၁၂) တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံမြို့ရှိ အထက(၂) နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အထက (၁)တို့တွင်လည်းကောင်းအသိပညာပေးဆောင်ရွက်ခဲ့ပြီး ဆရာ/ဆရာမများကလည်း စိတ်ဝင်တစားမေးမြန်းဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစည်မြို့နယ်ရှိ အထက(၂၆) တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့)ရှိ ကျိုင်းတုံအထက(၂)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးအထက (၂) တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ် အထက(၁) တွင်လည်းကောင်း၊ ကယားပြည်နယ်ရှိ လွိုင်ကော် အထက (၁) နှင့် အလက (၂)၊ ဘော်လခဲ ခရိုင်နှင့် မယ်စဲ့ခရိုင်ရှိ အထက ကျောင်းတို့တွင် Online စနစ်ဖြင့် လည်းကောင်း အသိပညာ ပေးဆောင်ရွက်ခဲ့ပြီး ဆရာ/ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေး ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။။







## နေပြည်တော် မတ် ၂၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အထက (၉) တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)ရှိ အထက (၅) တွင်လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အလက(၇) တွင်လည်းကောင်း၊ မော်လမြိုင်မြို့ရှိ အထက(၆)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ အထက (၁)တို့တွင်လည်းကောင်း၊အသိပညာပေးဆောင်ရွက် ခဲ့ပြီး ဆရာ/ ဆရာမများ ကလည်း စိတ်ဝင်တစား မေးမြန်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။





## နေပြည်တော် မတ် ၃၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာ ရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းများ တွင် အသိပညာပေးအစီအစဉ်များကို ဆောင်ရွက် ခဲ့ရာ ကယားပြည်နယ်ရှိ လွိုင်ကော်မြို့ အ.ထ.က(၁)၊ ဒီးမော့ဆိုမြို့ရှိ အ.လ.က(၂)၊ ဘောလခဲ ခရိုင်နှင့် မယ်စဲ့ခရိုင်ရှိ အ.ထ.က ကျောင်းများတွင် Online စနစ်ဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ/ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သင်ခန်းစာပို့ချမှု အစီအစဉ်များ ဆောင်ရွက်






**နေပြည်တော် မေ ၉**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အဆင့်မြင့်အရာထမ်းသင်တန်း၊ အမှတ်စဉ် (၂၁) တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှကော်မရှင်အဖွဲ့ဝင်ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ” ဘာသာရပ်အား သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား/သင်တန်းသူ (၄၆) ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အစည်းအဝေးခန်းမ၊ ရန်ကုန်၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်စကားပြောကြားရာ၌ အဂတိလိုက်စားမှုဟာ ကမ္ဘာ့နိုင်ငံတိုင်း ကြုံတွေ့နေရသော ကြီးမားသည့် ပြဿနာတစ်ခု ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့သည် ကုလသမဂ္ဂက ချမှတ်ထားသည့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDGs) တွင် ကမ္ဘာ့လူသားများ ဆင်းရဲမွဲတေမှု၊ ချို့တဲ့နွမ်းပါးမှုနှင့် လူ့ဘောင်အဖွဲ့အစည်းအပေါ် ပိတ်ပင်တားဆီးမှုများအဆုံးသတ်စေရေးတို့အတွက် နိုင်ငံအားလုံးလက်တွဲဆောင်ရွက်သွားရမယ့်အစီအစဉ်များကို အတူတကွ ဆောင်ရွက်လျက်ရှိကြောင်း၊ SDGs ပန်းတိုင်များ အောင်မြင်လာခြင်းဖြင့် ကမ္ဘာ့လူသားများနှင့် လူ့ဘောင်အဖွဲ့အစည်းဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာမှာဖြစ်ပြီး လူတစ်ဦးချင်းနှင့် လူ့ဘောင်အဖွဲ့အစည်း အတွင်း၌ လူ့အခွင့်အရေးများကို ရရှိခံစားနိုင်မှု သေချာစေနိုင်မှာ ဖြစ်ပါကြောင်း၊

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာတာကိုလည်း သတိပြုမိပါကြောင်း၊ ကော်မရှင်၏ အဓိက လုပ်ငန်းစဉ် (၃) ရပ်အနက် အထူးအရေးကြီးသည့် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း လုပ်ငန်းစဉ်သည် မီဒီယာများ၊ လူမှုကွန်ရက်များကနေ အသိပညာပေးခြင်းများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ ဝန်ထမ်းများအတွက် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှာ သွားရောက်ဆွေးနွေးဟောပြောခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းအပြင် ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကို ရည်မှန်း၍ ကျောင်းသား လူငယ်များအတွက် ကျောင်းသင်ခန်းစာပို့ချမှု Edu-tainment အစီအစဉ်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်





လျက်ရှိကြောင်းကိုလည်း လေ့လာ သိရှိရသဖြင့် အားရမိပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်စေရေးအတွက် အဂတိလိုက်စားမှု ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ခြင်း၊ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုအန္တရာယ်ဖြစ်နိုင်ခြေရှိမှုကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ခြင်းတို့ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင် ပညာပေးခြင်းလုပ်ငန်းနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အခြေအနေ၊ အခွင့်အလမ်း နည်းပါသော်လည်း တွေ့ရှိလာသည့် အတွေ့အကြုံများ၊ အခက်အခဲများအရ အဂတိလိုက်စားမှုဖြစ်စဉ်များဖြစ်ပွားမှု မရှိစေရေး ဌာနတွင်း ကြီးကြပ်မှု အားကောင်းစေသည့် အစီအမံများဆောင်ရွက်မည်ဖြစ်ပါကြောင်းပြောကြားပါသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဋ္ဌေးအောင်က အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့သည် တစ်ချိန်တည်းတွင် ဖွဲ့စည်းခဲ့ကြကြောင်း၊ ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ထောက်ပံ့ရေး ပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီကိုဖွဲ့စည်းပြီး ရာဇသတ်ကြီး (Penal Code)အရ အရေးယူခြင်း၊ ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေပြဋ္ဌာန်း၍



ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းပြောကြား ခဲ့ပါသည်။

မိမိတို့နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် UNCAC အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ်မွေးဖွားလာပြီး ဂုဏ်သိက္ခာနှင့်အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။

လူ့အခွင့်အရေးကို လက်ခံရယူ ကျင့်သုံးရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးကြရန်၊ မိမိတို့၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်မကွက်ကြရန်" လမ်းညွှန်ခဲ့သည်ကို မှတ်သားရပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိပြီး အဂတိလိုက်စားမှုအကျင့်စရိုက်သည် လူ့အဖွဲ့အစည်းတွင်း ကူးစက်ပျံ့နှံ့လွယ်သော ကပ်ရောဂါတစ်ခုဖြစ်၍ အချို့ကိစ္စများ၌ အလွယ်တကူ ဖောက်ဖျက် ကျူးလွန်နေခြင်းများကို သတိပြုရှောင်ကြဉ်ရန်လိုကြောင်း၊ အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေလေဖြစ်၍ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများကို လိုက်နာရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း အားလုံးက ထိန်းသိမ်းလိုက်နာကြရန်လိုပြီး "အဂတိပယ်ခွာ ပြည်သာယာ" ရန်အတွက် လက်တွဲပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုသဘောတရားများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ၊ တားဆီးကာကွယ်ရေး စီမံချက်၊ လုပ်ငန်းလမ်းညွှန် (Terms of Reference-TOR) နှင့် တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedures - SOP) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ညနေ ၁၅:၀၀ နာရီတွင် အခမ်းအနားပြီးမြောက်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် နေပြည်တော်ရုံးခွဲမှ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်နှင့် မန္တလေး / ပုသိမ်ရုံးခွဲများမှ ရုံးဝန်ထမ်းများက Online Platform ဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများက In-person ဖြင့်လည်းကောင်း စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်  မေ ၂၀**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က အဖွင့်စကား ပြောကြားရာ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပဲခူးတိုင်းဒေသကြီးသို့ လာရောက်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရာတွင် အစိုးရဌာန / အဖွဲ့အစည်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှု ဟု သတ်မှတ်နိုင်သည့် ဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှု





တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို သိရှိနားလည်ကာ ရှောင်ကြည်လာနိုင်မှာ ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (CPU) ကို အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာသည့် တိုင်ကြားစာများအပေါ် ဆက်လက် အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်မှုများပြုလုပ်လျက်ရှိပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ သတ်မှတ်ရက်နေ့အတွင်း အကြောင်းပြန်ကြားနိုင်ရေးကိုလည်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး

အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအဆင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းမှုအပြင် ခရိုင်၊ မြို့နယ်အဆင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိပါကြောင်း၊ ယနေ့ အခမ်းအနားတွင် ခရိုင်အဆင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ပါဝင်ပြီး ဆွေးနွေးပွဲမှ ရရှိသည့် အသိပညာဗဟုသုတများကို မြို့နယ်အဆင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များသို့ ဆင့်ပွားသင်တန်းပေးရန် လိုအပ်ကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် မိမိမိသားစု၊ ပတ်ဝန်းကျင်တွင် အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ ဆက်လက် မျှဝေပေးခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းပြောကြားပါသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများကို ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားကြရပါကြောင်း၊ အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာအကြောင်းအရာများပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာမှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းသည် အခြေခံအချက်များဖြစ်သည်"ကို လမ်းညွှန်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်း သွားစေရန် အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၈ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း များတွင် ဝန်ဆောင်မှုလာရောက် ရယူကြတဲ့ ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ စာတို (Short Message Service-SMS) ပေးပို့၍ ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူခြင်း ဖြစ်ပါကြောင်း၊ SMS ပေးပို့ရာမှာလည်း Short Code "1111" အသုံးပြုပြီး ပေးပို့မေးမြန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊

ငင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

ဆက်လက်၍ ကော်မရှင်ရုံးက တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ အခမ်းအနားသို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း(၁၉၃)ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပြီး နေ့လယ် ၁၂:၂၀ နာရီတွင် အခမ်းအနားပြီးမြောက်ခဲ့ပါသည်။

# စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်   မေ ၂၅**

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ ပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများတက်ရောက်သည်။ ရှေးဦးစွာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများကို ကျင်းပခြင်းအားဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သောကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှု မြောက်နိုင်သောကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာ






များကိုရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုး တိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတား ပြုနိုင်သည့် ရောဂါဆိုးတစ်ခုဖြစ်ကြောင်း၊ “ကိုယ်ကျင့်တရားပျက်ယွင်းခြင်း” သို့မဟုတ် အကျိုးအမြတ် တွက်ချက်ပြီး ကျူးလွန်သည့် ရာဇဝတ်မှုလည်း ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တများ ပျက်စီးလာပြီး မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများ ကျဆင်းလာပြီး နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေပါကြောင်း။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး ပြည်သူများအကြား ဆင်းရဲချမ်းသာ ကွာဟမှုများဖြစ်ပေါ်စေပါကြောင်း၊ ပြည်သူလူထု၏ ယုံကြည်မှု လျော့ကျစေခြင်းတို့အပြင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကြီး တစ်ခုလုံးကိုပါ ယိုယွင်းပျက်စီးစေပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှာ ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှု ကိုကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်





အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ/ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိကင်းရှင်းသည့်နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ “ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းတယ်” ဆိုသည့် စကားနှင့်အညီ အဂတိလိုက်စားမှုများ ပေါ်ပေါက်လာမှ စုံစမ်းစစ်ဆေးအရေးယူခြင်းထက် အဂတိလိုက်စာမှုများ မဖြစ်မီ ကတည်းက ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် တားဆီးကာကွယ်ရေးအတွက်




အသိပညာပေးရေးလုပ်ငန်းများကို ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာ ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ ယခုလို အစိုးရဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စိတ်စေတနာထက်သန်စွာနဲ့ လိုက်လံကျင်းပပေးနေသည်ကိုလည်း ကြိုဆိုပါကြောင်း၊ ဝန်ကြီးဌာနတွင် ကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာထမ်းကြီးများအနေဖြင့် ယခုအခမ်းအနားမှ ရရှိမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာပါဝင်ကြရန် တိုက်တွန်းကြောင်း၊ စက်မှုဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အင်ဂျင်နီယာ ပညာရှင်များ၊ စာရင်းအင်း ပညာရှင်များ၊ ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဆေးဝါး ပညာရှင်များသည် ပြည်သူ့ဝန်ထမ်းများ လေးစားလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများအပြင် သက်ဆိုင်ရာ ပညာရပ်ကောင်စီအသီးသီးမှ ပြဋ္ဌာန်းထားသည့် ပညာရှင်များ၏ ကျင့်ဝတ်စည်းကမ်းများကိုလည်း လေးစားလိုက်နာရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခု ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါကြောင်း၊ ကော်မရှင် အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူပြီး အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်း

ဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင်ဖြစ်စေ၊ မိမိဆောင်ရွက်သည့်



လုပ်ငန်းစဉ်များ ပိုမို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်စေ လုပ်ငန်းစဉ်များအပေါ် အမြဲမပြတ် စောင့်ကြည့်ပြန်လည် သုံးသပ်နေရမည် ဖြစ်ကြောင်း၊ အခြေအနေများသည် အချိန်ကာလနှင့်အမျှ ပြောင်းလဲမှုများရှိသည့်အတွက် Risk Management များကို ဂရုတစိုက်ဖြင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် များစွာပိုမိုကျယ်ဝန်းပါကြောင်း၊ ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစား ပြုခြင်းသည် အစိုးရဌာနများတွင် သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါ သက်ဆိုင်ပြီး လာဘ်ငွေအနည်းငယ် ပေးခြင်း/ ယူခြင်း မှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း အထိ ပါဝင်ပါကြောင်း၊ အဂတိလိုက်စားမှုကို တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းအဖြစ်သာ လူအများက နားလည်မှတ်ယူခဲ့ကြပါကြောင်း၊ သို့သော် အဂတိလိုက်စားခြင်းသည် ပင်ကိုသဘောအရ အကျင့်ဖောက်ပြန်ခြင်းဖြစ်သည့်အပြင် ပုံသဏ္ဍာန်အမျိုးမျိုး ရှိသည့်အတွက်ကြောင့် တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းတို့ သာမက လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ ပါဝင်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့၌ ပြင်ဆင်ခဲ့သည့် ဥပဒေအရ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေးလာဘ်ယူခြင်းမျှသာ မဟုတ်တော့ဘဲ “တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း” ဟူသော အချက်ထပ်မံဖြည့်စွက်ပါဝင်လာပါကြောင်း၊ အဂတိလိုက်စားမှုအဓိပ္ပာယ်ကို ပိုမို ကျယ်ဝန်စွာဖွင့်ဆိုပေးခြင်းဖြင့် လာဘ်ပေး



လာဘ်ယူခြင်းထက် ပိုမိုလေးနက်သည့် နိုင်ငံတော်၏ အကျိုးစီးပွားများ၊ တန်ဖိုးထားမှုများနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်စေသည့် အခြားအဂတိလိုက်စားမှု ပုံသဏ္ဍာန်များကိုပါ ကော်မရှင်က ထိရောက်စွာ တိုက်ဖျက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် စတုတ္ထအကြိမ် ပြင်ဆင်သည့်

ဥပဒေကို နိုင်ငံ့ဝန်ထမ်းများသာမက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံးက ပိုမိုနားလည်သဘောပေါက်စေရေးနှင့် စိတ်ကျေနပ်အားရမှုဖြစ်စေရေးတို့အတွက် လူမှုမီဒီယာအပါအဝင် သတင်းမီဒီယာများမှ တစ်ဆင့် အသံ၊ အရုပ်၊ ပုံစံအမျိုးမျိုးတို့ဖြင့် ရှင်းလင်းဖော်ပြခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ရှင်းလင်းဆွေးနွေးခြင်း နှင့် ဥပဒေစာအုပ်များကို အခမဲ့မျှဝေပေးခြင်း၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများမှ တစ်ဆင့် နိုင်ငံ့ဝန်ထမ်းများထံ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းစသည် တို့ဖြင့် ပညာပေးခြင်းလုပ်ငန်းတို့ကို ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့အပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ် အမျိုးမျိုးကို တားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ကျေကျေညက်ညက် လေ့လာထားသင့်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဂ)တို့တွင် ကော်မရှင်အား သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်ဖြစ်ထွန်းလာစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်တာဝန် ပေးထားသည့်အတွက် ပညာပေးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဌာနများမှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုသည် ပြည်သူလူထု၏ ယုံကြည်မှုကိုရယူခြင်းနှင့် ထိုယုံကြည်မှုကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု



တိုက်ဖျက်ရေးအခြေခံကောင်းများ တည်ဆောက်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ် တည်ကြည်မှု ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုများ လျော့နည်း ကျဆင်းသွားစေရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်း (၃၈)ခုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ (၁၄)ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားသည့် ဌာနများနှင့်ညှိနှိုင်း၍ လုပ်ငန်းတာဝန် (၃) ရပ် နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ် (၆) ရပ်တို့ကို ချမှတ်ပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် ယခုလို ပြည်ထောင်စုဝန်ကြီးဌာနများတွင်အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်သည့်



အပြင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ် Video Clip အား ပြသသည်။ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌတို့သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်ခန့် က စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးရာ တက်ရောက်သူများမှ သိရှိလိုသည်များနှင့် မရှင်းလင်းသည့် အချက်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ အသေးစိတ်ပြန်လည်ရှင်းလင်း၍ အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပုဂံညောင်ဦးဒေသရှိ အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦးဒေသရှိ အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်း ဆွေးနွေးတွေ့ဆုံပွဲ အခမ်းအနားကို ညောင်ဦးမြို့ Heritage Bagan ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ရှေးဦးစွာ ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် က အဂတိလိုက်စားမှုသည် နိုင်ငံတကာတွင်လည်းဖြစ်ပွားနေသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်နိုင်ရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals – SDGs) ၁၆.၅ တွင် ထည့်သွင်းထားပါကြောင်း၊ မြန်မာနိုင်ငံသည်လည်းအပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption-UNCAC) အဖွဲ့ဝင် ဖြစ်သည်နှင့်အညီ UNCAC ပါ ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် စနစ်တကျ ဖြစ်ပေါ်နေသည့်





Systemic Corruption ဖြစ်ပါကြောင်း၊ အကြီးစားအဂတိလိုက်စားမှု (Grand Corruption) သာမက အသေးစားအဂတိလိုက်စားမှု (Petty Corruption) ကျဆင်းရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေး အရေးယူခြင်း ဟူသည့် လုပ်ငန်းစဉ် (၃) ရပ်ကို တစ်ပြိုင်တည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မဖြစ်ခင် ကြိုတင်တားဆီးကာကွယ်ရေးအတွက် အသိပညာပေးခြင်း

လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခုရှိ အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အထူးသဖြင့် ကျောင်းသား/ ကျောင်းသူ လူငယ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပညာပေးရန်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာကိုင်စာအုပ်များ ပြုစုထုတ်ဝေ၍ ပညာရေးဝန်ကြီးဌာန အကူအညီဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များတွင် သင်ခန်းစာများအဖြစ် ထည့်သွင်းပြဋ္ဌာန်း သင်ကြားနိုင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်း စာစောင်များကိုပြုစု၍ ပညာရေးဝန်ကြီးဌာန အပါအဝင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး /ပြည်နယ်အဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ လက်ရှိတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) အဖွဲ့ (၃၆) ဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် (၁၄) ဖွဲ့ ဖွဲ့စည်း၍ တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ရာ ခရိုင်၊ မြို့နယ်အဆင့်များအထိ ဆက်လက်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပုဂံညောင်ဦးဒေသကဲ့သို့ ပြည်တွင်းပြည်ပ ခရီးသွား လာရောက်မှုများပြားသည့် နေရာများတွင် ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ စိတ်ချမ်းမြေ့မှုနှင့် ကျေနပ်နှစ်သိမ့်မှုများကို ပိုမို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ CPU အဖွဲ့များ၏လုပ်ငန်းတာဝန်ဖြစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Program - PFP) များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် CPU အဖွဲ့များ ဖွဲ့စည်းရုံမျှနှင့်မပြီးဘဲ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်များကိုလည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၎င်းအစီအစဉ်မှ ပြည်သူများ၏ တုံ့ပြန်မှုများကို စိစစ်သုံးသပ်၍ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment - CRA) လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပေါ်လာပြီး ပြည်သူတို့၏ ယုံကြည်မှုကို အပြန်အလှန် တည်ဆောက်သွားနိုင်မည်ဖြစ်ပါ၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ အားလုံး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် ကျောင်းသား/ကျောင်းသူများ အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ ပိုမိုသိရှိနားလည်စေရန် ပညာပေးသင်ကြားမှု အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းကျင့်ဝတ်များနှင့် ဌာနအလိုက် ချမှတ်ထားသည့် ကျင့်ဝတ်များကိုလိုက်နာဆောင်ရွက်ကြရန် ပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြင်ဦးလွင်ခရိုင်ရှိ အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**

**"လူသားတို့၏ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ ဂတိများကြောင့် လူမှုဘဝပတ်ဝန်းကျင်တွင် အဂတိတရားများ ဖြစ်ပွားကာ လူ့ဘောင်တစ်ခု လုံး၏ အေးချမ်းသာယာရေးနှင့် စည်ပင်ဖွံ့ဖြိုးမှုကို ထိုးနှက်တိုက်ခိုက်နေသောဤအကျင့်စရိုက်ဆိုးကို အပြစ်ပေးအရေးယူခြင်းထက် အသိပညာပေးခြင်းနှင့် ကြိုတင်ထိန်းသိမ်းကာကွယ်ခြင်းတို့ဖြင့် ချိုးနှိမ်ယုတ်လျော့အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ"** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြင်ဦးလွင်ဒေသရှိ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး တွေ့ဆုံပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ၁၉၄၇ ခုနှစ်မှစတင်၍ဥပဒေပြဋ္ဌာန်းကာ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သော်လည်း ကာလကြာရှည်သည်နှင့်အမျှ အဂတိလိုက်စားမှုများသည် ပုံစံအမျိုးမျိုးနှင့် ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် (Grand Corruption) ခေါ် နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် အကြီးစားအဂတိလိုက်စားမှုမျိုး သာမက (Petty Corruption) ခေါ် အသေးစားအဂတိလိုက်စားမှု မျိုးလည်း ဖြစ်ပွားနေပါကြောင်း၊ အမှန်စင်စစ် (Bribery) ခေါ် လာဘ်ပေးလာဘ်ယူမှုထက် Corruption ခေါ် အဂတိမှာ ပိုမိုကျယ်ပြန့်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူရာတွင် ပေးသူယူသူ နှစ်ဦးသာရှိသော်လည်း နှစ်ဦးစလုံးတွင် အပြစ်ရှိပါကြောင်း၊ ထို့ထက် ပိုမိုကျယ်ပြန့်လာသည်မှာ ရာထူးတာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ အနေဖြင့်





ပေးအပ်ထားသော အခွင့်အာဏာကို မိမိကိုယ်ကျိုးစီးပွားအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှု တို့ကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းတို့သည် အဂတိလိုက်စားမှုကျူးလွန်ခြင်းပင်ဖြစ်ပါကြောင်း၊ အဂတိလိုက်စာမှုအားကျယ်ကျယ်ပြန့်ပြန့်တိုက်ဖျက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပိုမို ပြည့်စုံစေရန်အတွက် Review ပြုလုပ်၍ ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ် အသီးသီးပြင်ဆင်ခဲ့ရာ ယခုအခါတွင် (၅) နှစ် ကြာမြင့်ပြီဖြစ်သည့်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း သုံးသပ်မှုပြုလုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption - UNCAC) ၏ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်နှင့်အညီ ယင်း၏ ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့်အညီ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းအောင် လုပ်ဆောင်လျက်ရှိပါကြောင်း၊ အသိပညာပေးရေးကဏ္ဍအနေဖြင့် မျိုးဆက်သစ် ကျောင်းသား/ ကျောင်းသူ လူငယ်များ အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ ဖြန့်ကြက်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာကိုင်စာအုပ်များအပြင် အဆင့်မြင့်ပညာအတွက် ရည်ညွှန်းစာစောင်များကို ပြုစုထုတ်ဝေ၍ ပညာရေးဝန်ကြီးဌာန အကူအညီဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များတွင် သင်ခန်းစာများအဖြစ်ထည့်သွင်းပြဋ္ဌာန်းသင်ကြားနိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို Fabric စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများရရှိခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အဖွဲ့အစည်း (၁၄) ဖွဲ့ စုစုပေါင်း (၅၁) ဖွဲ့ ဖွဲ့စည်းထားရှိပြီး ခရိုင်နှင့်မြို့နယ်အဆင့်များအထိ ဆက်လက်တိုးချဲ့ ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ CPU အဖွဲ့များ၏ လုပ်ငန်းတာဝန်ဖြစ်သည့်အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Program-PFP) ကိုလည်း ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် ကျောင်းသား/ ကျောင်းသူများအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ ပြန့်ပွားနိုင်ရန် ပညာပေးသင်ကြားမှုအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းကျင့်ဝတ်များနှင့် ဌာနအလိုက် ချမှတ်ထားသည့် ကျင့်ဝတ်များ ကိုလည်း အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## International Anti-Corruption Academy (IACA) က ကြီးမှူးကျင်းပသည့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Jeffery D. Sachs ၏ "ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ" ဆွေးနွေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မတ် ၆**

၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၈:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ Hybrid format ဖြင့်ကျင်းပပြုလုပ်ခဲ့သည့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင် ပညာရှင် Mr. Jeffery D. Sachs က "ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဂတိ လိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်၍ ကိုယ်စားလှယ် (၇) ဦး ပါဝင် တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ IACA က ဖွင့်လှစ်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး Master Programme များနှင့် သင်တန်းများသို့ တက်ရောက်ခဲ့သော သင်တန်းသားဟောင်းများ အပါအဝင် နယ်ပယ်အသီးသီးမှအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကျွမ်းကျင် ပညာရှင်များ စုစုပေါင်း ကိုယ်စားလှယ် (၁၂၂) ဦး ခန့် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များတွင် ပန်းတိုင် (၁၇) ချက်ရှိပြီး Target မှာ (၁၆၉) ခု ရှိပါကြောင်း၊ အဆိုပါ ကိစ္စရပ်သည် ပြည်သူ့ရေးရာမူဝါဒပင်ဖြစ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခိုင်မာအားကောင်းသည့် အစိုးရတစ်ရပ်ဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ထိုသို့မဟုတ်ပါက အဂတိ လိုက်စားမှုများ ပိုမိုဖြစ်ပွားနိုင်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အဂတိလိုက်စားမှုသည် ပုံစံ အမျိုးမျိုးဖြင့် ဖြစ်ပေါ်နေပြီး SDG Goals ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်အဟန့်အတားဖြစ်နေပြီး အရင်းအမြစ်များစွာ လိုအပ်လျက်ရှိပါကြောင်း၊ SDG Goals ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်၊ မည်သည့်အုပ်စု၊ မည်သည့်လူမျိုးမှ နောက်တွင်မကျန်ရှိရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် စသည့် အခြေခံအချက်များကို အကောင်အထည် ဖော်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးကြပါသည်။

အပြန်အလှန် ဆွေးနွေးမှုအပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် က "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင်



ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဆင်ပြေနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နည်းပညာနှင့် လူသား အရင်းအမြစ်ဆိုင်ရာ အတားအဆီးများကြောင့် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်သည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးပေးပါရန်" မေးမြန်းဆွေးနွေးမှုအပေါ် Mr. Jeffery D. Sachs က "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ထိရောက်ကောင်းမွန်သည့် အစီအမံများရေးဆွဲထားခြင်း၊ လုံလောက်သောဘဏ္ဍာရန်ပုံငွေခွဲဝေသတ်မှတ်ပေးခြင်းနှင့် ကျွမ်းကျင်ပညာရှင်များ၏အကြံပြုချက်များ ရယူခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများလည်း လိုအပ်မည် ဖြစ်ပါကြောင်း" ပြန်လည်ဆွေးနွေးပါသည်။ ဆွေးနွေးပွဲသို့ ဦးဆောင်ဆွေးနွေးသူ Mr. Jeffery D. Sachs နှင့် ကိုယ်စားလှယ် အချို့က In-Person တက်ရောက်ဆွေးနွေးကြပြီး အခြားကိုယ်စားလှယ်များက Online ဖြင့် ပါဝင်တက်ရောက်ခဲ့ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့၏အရေးပါမှုကို အပြန်အလှန် ဆွေးနွေးကြပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး တို့အကြား ပူးပေါင်းကျင်းပသည့် ဥပဒေကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မတ် ၂၁**

၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး တို့ အကြား ပူးပေါင်းကျင်းပသည့် ဥပဒေကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကိုဥပဒေရေးရာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာအဆိုပါ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်၊ သင်တန်းဆရာများ ဖြစ်သည့် Mr. Sergey Vladimirovich PLOKHOV ၊ Mr. Denis Anatolyevich KUNECV ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး မှ Ms. Bazarkhandaeva နှင့် Mr. Krnsilnikov ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ အရာထမ်းများ၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး ) နှင့် Nay Pyi Taw State Academy မှ ဥပဒေ ကျောင်းသား၊ ကျောင်းသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှစကားပြန်အရာရှိများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ဟောပြောပွဲ အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာငွေးအောင် က အဖွင့်အမှာ စကားပြောကြားရာ၌ "မြန်မာနိုင်ငံ နှင့် ရုရှားဖက် ဒရေးရှင်းနိုင်ငံ တို့ သည် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို စတင်ထူ ထောင်လာခဲ့ကြသည်မှာ ယခု ၂၀၂၃ ခုနှစ် သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအခါသမယပင်ဖြစ်ပါ ကြောင်း၊ယခုကဲ့သို့ အချိန်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်၏ ခရီးစဉ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက် ရေးစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းနှင့် ဥပဒေ ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်နားလည်မှုများကို ပိုမိုခိုင်မာစေပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင် ရွက်ခြင်းဆိုင်ရာ ဟောပြောပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ နိုင်ငံတကာပူး ပေါင်းဆောင်ရွက်ရေးဌာနအကြီးအကဲ၊ အဖွဲ့အစည်းဆိုင်ရာနှင့် သုတေသနဌာန အကြီးအကဲဖြစ်သူ Mr. Sergey Vladimirovich PLOKHOV နှင့် သတင်းအချက်အလက်နှင့်သရုပ်ခွဲဌာန




အကြီးအကဲ ပင်မအဖွဲ့အစည်းနှင့် ခွဲခြားစိတ်ဖြာမှုဌာန၏ ဒုတိယအကြီးအကဲဖြစ်သော Mr.Denis Anatolyevich KUN ECV တို့၏ ဟောပြောပို့ချမှုများသည် မြန်မာနိုင်ငံရှိ ဥပဒေ ကျောင်းသား၊ ကျောင်းသူများနှင့် ဥပဒေပညာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ကြသူများ၊ အသက်မွေးဝမ်းကျောင်းပြုနေသူများအတွက် ဥပဒေအသိပညာတိုးပွားစေမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ယခုဟောပြောပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခွင့်ရရှိသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ၁၈၆၁ ခုနှစ်ကပင် Penal Code တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပုဒ်မ (၅) ခု ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ပြီး ခေတ်အဆက်ဆက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) တွင် အတည်ပြုဝင်ရောက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် (၂၀၂၂-၂၀၂၅) မဟာဗျူဟာကို လုပ်ငန်းဧရိယာ (၆) ခုဖြင့် ရေးဆွဲထားပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင်သာမကပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit -CPU) များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ထိရောက်သည့် အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Proactive Beneficiary/ Citizen Engagement (PBE) Mechanism) ကို အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) အဖြစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ အစပြု၍ ပြည်ထောင်စုဝန်ကြီး

ဌာန/ အဖွဲ့အစည်းများအကြား ဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရာတွင် ကော်မရှင်အဖွဲ့ဝင် များနှင့် အရာထမ်းများသည်နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများ ပို့ချပေးလျက်ရှိပါကြောင်း၊ ယခု လာရောက်သည့် အဆွေတော် ကိုယ်စားလှယ် အဖွဲ့များထံမှ နိုင်ငံတကာတွင် ဖြစ်ပေါ်လျှက်ရှိသည့် အဂတိလိုက်စားမှုအမျိုးမျိုးတို့အပေါ် သိသင့် သိထိုက်သည့် အတွေ့အကြုံများကို ရရှိမည့်အပြင် နောင်တွင်လည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း” ပြောကြားခဲ့ပါသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့မှ ဥပဒေပညာရှင်များက ဘာသာရပ်အလိုက် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၏ မေးမြန်းမှုအပေါ်ရှင်းနီးစွာပြန်လည်ဖြေကြားခဲ့ကြောင်းသတင်းရရှိပါသည်။

ဟောပြောပွဲ အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနအကြီးအကဲ၊ အဖွဲ့အစည်းဆိုင်ရာနှင့်သုတေသနဌာနအကြီးအကဲဖြစ်သူ Mr. Sergey Vladim irovich PLOKHOV က နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သတင်းအချက်အလက်နှင့် သရုပ်ခွဲဌာနအကြီးအကဲ ပင်မအဖွဲ့အစည်းနှင့် ခွဲခြားစိတ်ဖြာမှုဌာန၏ ဒုတိယအကြီးအကဲဖြစ်သော Mr. Denis Anatolyevich KUNECV က ဆိုက်ဘာပြစ်မှုများတိုက်ဖျက်ခြင်း အကြောင်းအားလည်းကောင်း အသီးသီး ဟောပြောပို့ချပါသည်။

## အဂတိလိုက်စားမှုအတွက် အရပ်ဘက်နှင့် စီမံအုပ်ချုပ်မှုတာဝန်ခံမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အစည်းအဝေးသို့ အာရှပစိဖိတ်ဒေသအုပ်စု (Asia Pacific Group) ကိုယ်စားပြု၍ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း တက်ရောက်

**နေပြည်တော် မေ ၂**

သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှုအတွက် အရပ်ဘက်နှင့် စီမံအုပ်ချုပ်မှုတာဝန်ခံမှုဆိုင်ရာအပြည်ပြည် ဆိုင်ရာကျွမ်းကျင်ပညာရှင်များအစည်းအဝေးသို့မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းသည် အာရှပစိဖိတ်ဒေသအုပ်စု ကိုယ်စားပြု၍ ပါဝင်တက်ရောက်ပါသည်။ အဆိုပါအစည်းအဝေးတွင် “ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC)အောက်ရှိပြည်တွင်းကျင့်ထုံးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး” ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးကြရာ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အဂတိလိုက်စားမှု



တားဆီးကာကွယ်ရေးနှင့်အသိပညာပေးဆောင်ရွက်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် UNCAC အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သည့် အချိန်မှစတင်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် အပြည့်အဝပါဝင်ခဲ့ပြီး မြန်မာနိုင်ငံ၏ကတိကဝတ်များအတိုင်း

ကျူးလွန်ရာမှ ရရှိလာသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း အရေးယူမှုများနှင့်စပ်လျဉ်း၍ ထည့်သွင်း ရှင်းလင်းဆွေးနွေးပါသည်။

ဩစတြီးယားအစည်းအဝေးသို့ တက်ရောက်လာသည့် ဩစတြေးလျနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ကင်ညာနိုင်ငံ၊ ကိုလမ်ဘီယာနိုင်ငံ၊ ဂရိနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အစ္စရေးနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ က အဂတိလိုက်စားမှုကျူးလွန်ရာမှ ရရှိသည့် ပစ္စည်းများကို သိမ်းယူခြင်း ဆောင်ရွက်ရာတွင် တရားမ ကြောင်းအရ ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများဖြင့် အရေးယူ ဆောင်ရွက်ခြင်းတို့၌ ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ကွဲပြားခြားနားသည့် လက်တွေ့ဆောင်ရွက်ချက်များ၊အတွေ့အကြုံများနှင့် ချဉ်းကပ်နည်းလမ်းများ၊ ကွာဟချက်များ၊ ပိတ်ဆို့အရေးယူမှုများ၊ဥပဒေရေးရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူရေးနှင့် အဂတိလိုက်စားမှု




ပါဝင်ထည့်သွင်းရမည့် Knowledge ၊ Experience နှင့် Best Practice များကို ထည့်သွင်းရင်း အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း သတင်း ရရှိသည်။

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN - PAC) ၏ 2023 ASEAN - PAC Capacity Building Workshop သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော်   ဇွန် ၁**

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ASEAN - PAC အဖွဲ့ဝင်နိုင်ငံများ၏ 2023 ASEAN - PAC Capacity Building Workshop ကို မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို **“Anti - Corruption Education and Corruption Prevention Strategies on a National Scale”** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ASEAN - PAC အဖွဲ့ဝင်နိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာပညာရေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ဥပဒေမူဘောင်ဖွံ့ဖြိုးရေး၊ ဒစ်ဂျစ်တယ်နည်းပညာရပ် အသုံးပြု၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူပညာရှင်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသူများအကြား အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ကောင်းမွန်သောအလေ့အထများအား မျှဝေနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။



အဆိုပါဆွေးနွေးပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်မှ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ဥပဒေမူဘောင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲထားရှိပြီး နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအသိပညာပေးအစီအစဉ်များ ဆောင်ရွက်မှုအခြေအနေ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေနေများ၊ ပညာရေးကို ပေါင်းကူးတံတားအဖြစ်အသုံးပြုကာ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ် ဆောင်ရွက်ခဲ့မှုနှင့် အောင်မြင်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အတွေ့ကြုံများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ပါသည်။




ယင်းဆွေးနွေးပွဲတွင် ASEAN – PAC အဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့ဆောင်ရွက်နေသော တားဆီးကာကွယ်ရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများ၊ ပညာရေးကဏ္ဍမှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးနိုင်စေရေးအတွက် ဥပဒေမူဘောင်ချမှတ်နိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ASEAN - PAC အဖွဲ့ဝင်နိုင်ငံ ဖြစ်လာချိန်မှစတင်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် အပြည့်အဝပါဝင်ပြီး ကတိကဝတ်အတိုင်း ထည့်သွင်းရမည့် ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများအား တက်ကြွစွာပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# နိုင်ငံတကာသတင်းလွှာများမှကောက်နှုတ်တင်ပြချက်

## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းအား အဂတိလိုက်စားမှုများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း Imran Khan ကို အဂတိလိုက်စားမှုများဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဖမ်းဆီးခဲ့ပါသည်။ Khan သည် အဂတိလိုက်စားမှု ၊ အကြမ်းဖက်မှုနှင့် တရားရုံးကို မထီမဲ့မြင်ပြုမှုတို့ အပါအဝင် အမှုပေါင်း ၁၀၀ ကျော် ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။

Khan သည် ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးခံရသည့် သတ္တမမြောက် ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာခဲ့သည်။ လက်ရှိ ပါကစ္စတန်တွင် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု TI သတင်းလွှာတွင်ဖော်ပြထားသည်ကို တွေ့ရသည်။




ဓာတ်ပုံ Islamabad ရှိ တရားရုံးသို့ဝန်ကြီးချုပ်ဟောင်း Imran Khan ရောက်ရှိစဉ်

ကိုးကား အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ ၁၂-၅-၂၀၂၃ ရက်စွဲပါ သတင်းလွှာ

## EU ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ

ဥရောပကော်မရှင်သည် ကာလရှည်ကြာစွာ စောင့်ဆိုင်းခဲ့ရသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအစီအစဉ်တွင် EU တစ်ဝှမ်း ဖြစ်ပွားနေသော အဂတိလိုက်စားမှုနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပြစ်ဒဏ်များ တစ်ညီတစ်ညွတ်တည်းရှိစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်။




ဓာတ်ပုံ သတင်းစာရှင်းလင်းပွဲ ကျင်းပနေစဉ်

ကိုးကား အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ ၏ ၁၂-၅-၂၀၂၃ ရက်စွဲပါ သတင်းလွှာ

EU အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အစီအစဉ်နှင့်စပ်လျဉ်း၍ သဘောတူရန် စေ့စပ်ညှိနှိုင်းမှုများသည် လာမည့် သီတင်းပတ်အတွင်းတွင် စတင်လုပ်ဆောင်မည်ဖြစ်ပါသည်။ သို့ရာတွင် EU နိုင်ငံများအနေဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများနှင့် စနစ်မကျသည့် ချဉ်းကပ်မှုများဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်နေသောကြောင့် အားနည်းနေသေးပါကြောင်း TI သတင်းလွှာတွင်ဖော်ပြထားသည်ကို တွေ့ရသည်။

## ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ဆန္ဒပြမှုများ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) ၌ အရပ်ဘက်အဖွဲ့အစည်းများအား နှုတ်ဆိတ်စေရန် ရည်ရွယ်သည့် တရားစွဲမှုများကို ဆန့်ကျင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်း ၁၄၅ ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အစ္စရေးစီးပွားရေးလုပ်ငန်းရှင် Dan Gertler သည် DRC ၌ သဘာဝသယံဇာတများမှ အမြတ်ထုတ်ခဲ့သောသမိုင်းကြောင်းရှိခဲ့ပါကြောင်း၊ လွန်ခဲ့သည့်လက ၎င်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ညွန့်ပေါင်းအဖွဲ့ Congo is Not for Sale (CNPAV) ကို အသရေဖျက်မှုဖြင့် တရားစွဲခဲ့ပါကြောင်း၊ တရားစွဲဆိုမှုတွင် Gertler မှ နစ်နာကြေး အမေရိကန်ဒေါ်လာ ၁ သန်းကျော် တောင်းဆိုခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကွန်ဂို အာဏာပိုင် များနှင့် သဘောတူညီမှု ရရှိခဲ့ပြီး Gertler နှင့် ၎င်း၏ တွဲဖက်ကုမ္ပဏီများသည် လျော်ကြေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့် ရရှိခဲ့သည်ဟု ညွန့်ပေါင်းပြောရေးဆိုခွင့်ရှိသူ Jean-Claude Mputu က ကွန်ဂိုမီဒီယာဝက်ဘ်ဆိုဒ် Actualite.cd နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ပြောကြားခဲ့ပါသည်။




**ဓာတ်ပုံ ဆန္ဒပြမှုဖြစ်စဉ်ဖြစ်ပွားစဉ်**

**ကိုးကား အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ ၂၁-၄-၂၀၂၃ ရက်စွဲပါ သတင်းလွှာ**

## “လာတော့မကွဲ့ ရွှေဗဟိုရ်”

ကြာတော့ ကြာခဲ့ပါပြီ။ ၁၉၆၈/၁၉၆၉ ကျွန်တော်တို့အခြေခံပညာအထက်တန်းကျောင်းသား ဘဝကဖြစ်သည်။ ထိုစဉ်က မြန်မာစာတွင် ကဗျာ လက်ရွေးစင်နှင့် စကားပြေလက်ရွေးစင် ဟူ၍ နှစ်မျိုး ပြဋ္ဌာန်းခဲ့၏။ ၉ တန်းနှင့် ၁၀ တန်း (၂) နှစ်စလုံး အတွက် အကျုံးဝင်ရာ ၁၀ တန်းစာမေးပွဲ ဖြေဆိုရာ တွင် ၉ တန်းကသင်ခဲ့ပြီးသော စာများပါ ပြန်လည် ကျက်မှတ်ကြရ၏။ အင်္ဂလိပ်စာတွင်လည်း ထိုနည်းတူ ကျက်မှတ် ဖြေဆိုကြခဲ့ရသည်။ ၉ တန်းက ရိုတ်စပီး ယားကို မလွှတ်နိုင်သလို ၁၀ တန်းတွင် အဓိက သင်ယူရသည့် တီထွင်သူ ခုနှစ်ဦးကလည်း အဓိက ကျပြန်၏။ ယခုကျွန်တော် တင်ပြလို သည်မှာ ပြဋ္ဌာန်းစာများ အကြောင်းမဟုတ်ပါ။ တစ်ချိန်က အာဂုဏ်ဆောင် ကျက်မှတ်ခဲ့ရသော လက်ရွေးစင် ကဗျာများထဲက သပြေညိုကဗျာလေးကို ကျွန်တော် အတွေးပုံရိပ်တွင် အမှတ်မထင် ပေါ်လာခဲ့ရာ ....

## “သပြေညို”

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေ(ပြည်)မှာ တို့မေကမ်းပါတဲ့၊
သပြေညို ရွှေဘိုပန်းဟာက၊
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့၊
လာတော့မကွဲ့ ရွှေဗဟိုရ်
လေချိုက အသွေး။
လင်းကြက် အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

အတာသင်္ကြန်လွန်မြောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း လေ့လာအပန်းဖြေရန် ကောင်းမွန်သော ခရီးစဉ်ဒေသများတွင် လူရည်ချွန်စခန်းဖွင့်ပွဲနှင့်အတူ လှုပ်ရှားမှုများကို တွေ့မြင် ကြားသိဖတ်ရှုနေရသည်။ ထို့အပြင်ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်နှင့် အခြားသက်မွေးသင်တန်းကျောင်းများလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ၏။ဟိုတစ်ချိန်ကအလုပ်သမားနေ့နှင့် ဆက်စပ်၍ နွေရာသီလုပ်အားပေးစခန်းကိုလည်း နိုင်ငံတော်က ကိုယ်စားလှယ်ကြီးများ အား ဧည့်ခံကျွေးမွေးရေးတာဝန်သာမကစာတွေ့လက်တွေ့ သင်ခန်းစာများအပြင် လေ့လာရေးခရီး စဉ်များ ကိုပါ ရန်ကုန်တိုင်းအတွင်း စီစဉ်ပေးခဲ့သည်။ လူရည်ချွန်မောင်မယ်များအား တူညီ ဝတ်စုံဖြင့် တက်ကြွစွာ မြင်တွေ့ရသည့်အခါ တစ်ချိန်ကဆရာဗိုလ်ကျော်ဆန်းစပ်ဆိုရေးသား ထုတ်လွှင့်ခဲ့သော တစ်တိုင်းပြည်လုံးက ဒို့လူရည် ချွန်..... အစချီသော သံပြိုင်သီချင်းဆိုကြပုံကို မျက်ဝန်းထဲမှာ ပြန်လည် မြင်ယောင်နေမိသည်။

မှတ်မှတ်ရရ ဧပြီလ ၂၆ ရက်နေ့ နံနက်က နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွင်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံ၍ သြဝါဒစကား မြွက်ကြားရာတွင် “လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်ပါကြောင်း၊ လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်၏ အကျိုး စီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် ထားတိုက်တွန်းမှာကြားလိုပါကြောင်း” ပြောကြားခဲ့ရာတွင်ငယ်စဉ်ကျောင်းသားဘဝကကျောင်းကောင်စီ အဓိဋ္ဌာန်ဖြစ်သည့် “မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက်ကောင်းအောင် ကြိုးစားမည်” ကို ပြန်လည်သတိရမိ၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က "ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည် ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း" ပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် ၄ ချက် အနက် စတုတ္ထအချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော

ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မီးမောင်း ထိုးပြလိုက်ခြင်းပင်ဖြစ်၏။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းက ရှည်လျား လှသည်။ အခန်းဆက်ဝတ္ထုရှည်ကြီး ဖတ်နေရသလို ရုပ်ရှင်စကားနှင့် ပြောရလျှင် ဇာတ်လမ်းတွဲ ဇာတ်ကားကြီး ကြည့်နေရသလို ခံစားမိသည်။ ခေတ်အဆက်ဆက်ဖြစ်ပေါ် ပြောင်းလဲမှုများက အနမတဂ္ဂ။ ပြောမဆုံးပေါင် တောသုံးထောင်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တစ်ခုတည်း ကိုကြည့်၊ အခက်အခဲ အကျပ်အတည်းများက မတန်တဆ ။နိုင်ငံရေးကလှုပ်လီလှုပ်လဲ့။ အဖျက်အမှောက်က ဟိုတစ်စသည်တစ်စ။ စီးပွားရေးက ကမောက်ကမ။ အနုတ်ကစရ၊ သည်ကြားထဲ ကိုဗစ်က နာလန်မထူအောင် ဒုက္ခပေးတာ အားလုံး အသိ။ ယခုထိ မငြိမ်သေး၊ အိုမီခရွန်ကြောင့် အဆုံးအရှုံး၊ အပျက်အစီးမများလို့သာ ကျေးဇူးတင်ရမည်။

သူနှင့်ပတ်သက်၍ မချစ်သော်လည်း အောင့်ကာ နမ်းရမှာ သေချာသည်။ သည်ကြားထဲ မျိုးရိုးဗီဇ ကွဲတွေ တစ်ခုပြီး တစ်ခုပေါ်နေသည့် အတွက် မမှတ်မိအောင်ပင်။ သူတို့အဆိုအရ ဗားရှင်းတွေက မဆုံးနိုင်။ စမ်းသပ်တွေ့ရှိသူတွေက များတော့ သူတို့ပြောသမျှ နားထောင်ရ၊ လိုက်နာရ၊ သတိပြုကြရသည်။ ပစ်ပယ်၍လည်း မဖြစ်သည့် ဘဝမဟုတ်ပါလား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ အစောပိုင်းကတည်းက "No one is safe, unless everyone is safe." လို့ ပြောထားသည်။ တစ်ဦးချင်း လုံခြုံစိတ်ချရအောင် မနေနိုင်သမျှ မည်သူမျှ လုံခြုံမှာ မဟုတ်။ လက်ရှိမှာတော့ နိုင်ငံတော်နှင့် ကျန်းမာရေးက စီစဉ်ပေးနေသည့် "ထပ်ဆောင်း" ကလေးကို မလွတ်ရအောင် မိမိ ရရ ဂရုတစိုက်ထိုးနှံ ကြရပေမည်။

စီးပွားရေးနှင့်ပတ်သက်၍ အိမ်မြှောင်က စောက်ထိုးပြခဲ့သည်။ မပြလည်း မဖြစ်တော့သည့် အခြေအနေ။ နိုင်ငံရေးဖိနှိပ်မှုနှင့်အတူ ကမ္ဘာ့စာအုပ်ကြီးထဲကအတိုင်း ဖြတ်လေးဖြတ် လုပ်လာ ပြန်၏။ သည်အထဲကိုဗစ်ကတစ်ဆင့်ပြီးတစ်ဆင့်။ မြွေပူရာ ကင်းမှောက် မီးလောင်ရာ လေပင့် ဆိုရမလား မသိ။ မည်သို့ရှိစေ ပြည်သူ့အား၊ သယံဇာတအား မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယနှင့် ဖြောင့်မတ်သော ခေါင်းဆောင်မှုအားတို့က အနုတ်မှ အားမျှခြေ၊ ထိုကတစ်ဆင့် အပေါင်းဘက်သို့ ပြလာပြီ။ လက်ရှိ အရှိန်အဟုန်အရ အပေါင်းများ တိုးပွားလာမည့် အရိပ်အယောင်ပေါ်နေပြီ။ သည်လိုအခြေအနေ၊ အချိန်ကာလမျိုးတွင် သူတို့ဆီမှာတော့ အင်္ကျီလက်မောင်းကို လိပ်တင်ဖို့ အားပေးကြသည်။ မြန်မာဆန်ဆန် ခါးတောင်းမြှောင်အောင် ကျိုက်ထားကြဟော့လို့ ဆော်သြလိုက်ချင်သည်။ အဓိကမှာ မိမိတို့ကျရာအခန်းကဏ္ဍမှ အကောင်းဆုံး လုပ်ကိုင်ပြသကြဖို့ဖြစ်၏။

တိုင်းပြည် စည်ပင်သာယာဝပြောဖို့ အတွက် ငြိမ်းချမ်းရေးက ပဓာနကျသည်။ ဤအတွက် နိုင်ငံတော်က အထူးအလေးထား ဝါယမစိုက် ကြိုးစားလုပ်ကိုင် လျက်ရှိ၏။ လွတ်လပ်ရေးနှင့် ထပ်တူ အမြစ်တွယ်လာခဲ့သည့် ပြည်တွင်း သောင်းကျန်းမှုသမိုင်းကရှည်လျားခဲ့ရာ တစ်ခဏချင်း ပြီးနိုင်ဖို့ ခက်ခဲနေသေးသည်။ အမြင်တွေအားလုံး တစ်ထပ်တည်း တစ်သားတည်း တစ်ညီတည်း ဖြစ်ဖို့ ကြိုးစား လှုပ်ရှားကြရသည်။ အရှေ့ဘက်မိုးကုတ် စက်ဝန်း၏ အနားလိုင်းပေါ်တွင် ရောင်နီက မေးတင်စပြုပြီ။ ငြိမ်းချမ်းရေးအတွက် သီချင်း တစ်ပုဒ်မက မြန်မာ့ ရုပ်သံက ည ၈ နာရီ သတင်း မလာမီ အပုဒ်ပေါင်းများစွာကို အလှည့်ကျလွှင့်ကာ ဆော်သြလျက်ရှိ၏။ သီချင်းစာသားတိုင်းက အဓိပ္ပာယ်လေးနက်၏ သေချာ ဂရုစိုက် နားထောင် လျှင် သဘောပေါက်ကြပါမည်။ အမှန်ပြောရလျှင် ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးစား လုပ်ကိုင်ကြဖို့ လိုအပ်ပါသည်။ ယင်းသို့ လုပ်ကိုင် ရာတွင် ကျွန်တော်တို့၏ အားသည် ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာပင် ရှိပါသည်။ နိုင်ငံနှင့် ခြုံပြော ရလျှင် ပြည်တွင်းမှာ သာရှိပါသည်။ စိတ်ကူးမလွဲဘဲ ယုံကြည်စွာလုပ်ကြရပါမည်။ တစ်ခုတော့ သတိပြု စေချင်ပါသည်။ ယင်းသို့ လုပ်ကိုင်ရာတွင် ကျွန်တော်တို့အားလုံး အဂတိကင်းကြဖို့လိုပါသည်။ ဤစကားရပ်လေးမှာ စကားလေး သုံးလုံးသာ ရှိသော်လည်း သဘောသဘာဝမှာ လေးနက် ကျယ်ပြန့်၏။ သူနှင့်ဝေးလျှင် ကျွန်တော်တို့ အေးအေးချမ်းချမ်းရှိမည်။ လူမှုစီးပွား ဘဝ တိုးတက် မြှင့်တင်နိုင်မည်။ သူ့ကို ထိန်းချုပ်ဖို့ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလ ၉ ရက်နေ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ်က “အဂတိ လိုက်စားမှု များလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှု များလေလေ အဂတိလိုက်စားမှု များလေ” ဟု မီးမောင်းထိုးပြခဲ့ရာမှ တစ်ဆက်တည်း ဆင်းရဲနွမ်းပါးမှု လျော့ပြည်တွင်း စီးပွားရေး တိုးတက်လာပါက ချနိုင်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အချုပ်ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည် ချက် (၁၂) ရပ်တို့သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ အနာဂတ် ထွန်းပြောင် စေရေးအတွက် မီးရှူးတန်ဆောင် ဖြစ်သည်နှင့်အညီ ကျွန်တော်တို့အားလုံး ရောင်နီမှာ အောင်စည် ရွှမ်းရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို ပါကြောင်း ဖော်ပြလိုက်ရပေသည်။


မောင်ဂတိ

# နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ရန် ဆောင်ရွက်ခြင်း

ကော်မရှင်အနေဖြင့် အသိပညာပေးခြင်း ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီ အစဉ်အဖြစ် ဇာတ်လမ်းတို (၆) ပုဒ်၊ သီချင်း (၁) ပုဒ်၊ ဇာတ်လမ်း (၁) ပုဒ် တို့အား ရိုက်ကူးထုတ်လွှင့်နိုင်ရေး ၁၉-၄-၂၀၂၃ ရက်နေ့တွင် ကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ဖြင့် ခွင့်ပြုခဲ့ပြီး **"မက်မွန်သီးချိုချို"** Animation နှင့် **"ကလေးများအတွက် အစာအဟာရ"** ဇာတ်လမ်းတိုများ ရိုက်ကူးနိုင်ရေးအတွက် ဒါရိုက်တာ ဦးဝေဠု (ဝဿန်)နှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါသည်။







**ဇာတ်လမ်းတို-** **"ကလေးများအတွက်အစာအာဟာရ"**

၁။ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီးသည် ကျောင်းသားကျောင်းသူများ နေ့စဉ်စားသုံးနေသည့် ကျောင်းမုန့်ဈေးတန်းမှ အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိ/မရှိ လတ်ဆတ်သန့်ရှင်းပြီး အာဟာရပြည့်ဝမှုရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်သွားရန် ကျောင်းကျန်းမာရေးကော်မတီကို ညွှန်ကြားခဲ့ပါသည်။

၂။ သို့ပါ၍ ကျောင်းကျန်းမာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံတော်အစိုးရ၏ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ကျအရာရှိ ဦးမြတ်ကျော် ခေါင်းဆောင်သော ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြပါသည်။ ကောက်ညှင်းပေါင်း၊ အသုပ်စုံ၊ မုန့်ဟင်းခါး၊ ငှက်ပျောပေါင်း အချိုစုံ၊ အကြော်စုံ၊ ကြာဆံကြော်၊ ရေခဲမုန့်စသည်ဖြင့် တစ်ဆိုင်ပြီးတစ်ဆိုင် သန့်ရှင်းသပ်ရပ်မှု၊ ယင်မနားအောင် ဖုံးအုပ်ထားသိုမှု၊ လတ်ဆတ်မှု၊ အထားအသို၊ အကိုင်အတွယ်၊ ပါဝင်ပစ္စည်း စသည်တို့ကို စစ်ဆေးခြင်း၊ လိုအပ်သည်များညွှန်ကြားခြင်း၊ အစားအသောက်နမူနာများကို နည်းစနစ်တကျ ဓာတ်ခွဲစစ်ဆေးရန် အသီးသီးထုပ်ပိုး မှတ်သားယူဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဒေါ်မြချစ်၏ ကြာဆံဟင်းခါးနှင့် ရှောက်သီးသုပ်ဆိုင်အား စစ်ဆေးပြီး စစ်ဆေးရေးအဖွဲ့က လက်အိတ်အသုံးပြုမှုစနစ်ကျစေရန် မှာကြားနေချိန်တွင် ဈေးဆိုင်တန်းအတွင်းလမ်း၏တစ်ဖက်ရှိ တုတ်ထိုးအသားချောင်းကင်များရောင်းချသည့် ဆိုင်ဘက်သို့ အရာရှိဦးမြတ်ကျော်က ဦးစွာရောက်ရှိသွားပါသည်။ ဦးမြတ်ကျော်က စစ်ဆေးရေးမစတင်ရသေးမီ ဈေးသည်ဦးပွက နေရာမှထ၍ ဆိုင်ရှေ့ထွက်ပြီး ဦးမြတ်ကျော်အနားကပ်ကာ စကားသံတိုးတိုးဖြင့်-

ဦးပွ (ဈေးသည်) - ဆရာရယ် ဒီအစားအစာတွေကို ကလေးတွေက တအားကြိုက်ကြတယ်၊ မစစ်ဆေးဘဲနဲ့ကို သင့်တော်တယ်ဆိုတာ သိလောက်ပါတယ်၊ နမူနာယူပြီး စစ်တာတော့မလုပ်ပါနဲ့တော့ဆရာရယ်၊ ဆရာလည်း မပင်ပန်းတော့ဘူးပေါ့။

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - ကလေးတွေသိပ်ကြိုက်တဲ့ အစာမျိုးဆိုတော့ ပိုပြီး အရေးကြီးတာပေါ့ဗျာ၊ ကျန်းမာရေးနဲ့ညီခဲ့ရင် မစိုးရိမ်ပါနဲ့ဗျာ၊ တာဝန်အရတော့ နမူနာယူပြီး စစ်ပါမယ်။

ဦးပွ (ဈေးသည်) - ဟာ.. ဆရာရယ် တကယ်လို့ နမူနာစစ်မယ်ဆိုရင် နောက်နေ့ကျ ကျွန်တော် ဆရာတို့ဌာနကို နမူနာစစ်ဖို့ အသစ်လာပို့ပါ့မယ်။ အဲဒီနမူနာကိုပဲ စစ်ပေးဖို့ တောင်းပန်ပါတယ်ဆရာ။ တစ်မျိုးတော့မထင်ပါနဲ့နော်ဆရာ ဒီစာအိတ်ကလေး ဆရာ့အိတ်ထဲထည့်လိုက်ပြီ။ နမူနာလာပို့ရင် ထပ်ပြီးဂါရဝပြုပါ့မယ်ဆရာ။

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - အံ့အားသင့်သွားပြီး..."ဟာ...ဒီလိုမလုပ်ရဘူး"ဟုပြော၍ ချက်ချင်း ၎င်း၏ တိုက်ပုံအင်္ကျီအိတ်ထဲသို့ ဦးပွထည့်လိုက်သည့် စာအိတ်ကိုဆွဲထုတ်၍ ဈေးဆိုင်ခုံပေါ်တင်လိုက်ပြီး လူကိုခွာရပ်လိုက်ပါသည်။ ဆက်၍ ကျန်အဖွဲ့ဘက်သို့ မျက်နှာလှည့် လှမ်းကြည့်ပြီး "ကဲ..ဒီဘက်မှာဆက်ပြီးစစ်ကြစို့"ဟု လှမ်းခေါ်လိုက်ပါသည်။

၄။ ထို့နောက် ဦးမြတ်ကျော်သည်အဖွဲ့နှင့်အတူ စစ်ဆေးရေးလုပ်ငန်းကို တိတိကျကျ မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်ပြီး ဆိုင်ပေါ်ရှိ အသားချောင်းနမူနာ၊ အချဉ်ရည်နမူနာ စသည်များကို စစ်ဆေးရန် ၎င်း၏အဖွဲ့အား ထုပ်ပိုးသိမ်းဆည်းစေပါသည်။ ဆက်လက်၍ ဆိုင်ရှင်အား အဖွဲ့ရှေ့တွင် ပြောဆိုမှာကြားသည်မှာ-

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - "ဒီအသားချောင်းကင်တွေကို ကလေးတွေသိပ်ကြိုက်ကြတယ်။ ဒီတော့ ဒီအသားချောင်းမှာပါတဲ့ အသားတွေဟာ စစ်မှန်ဖို့လိုတယ်။ ရက်လွန်ပုပ်သိုးခြင်း မရှိဖို့လိုတယ်၊ ဗက်တီးရီးယားနဲ့ ရောဂါပိုးမွှားများ ကင်းစင်အောင်ပြုလုပ်ထားသိုဖို့လိုတယ်၊ လူ့ကျန်းမာရေးကို ထိခိုက်စေတဲ့ တာရှည်ခံဆေးတွေ အစားအစာထဲ မထည့်ဖို့လိုတယ်။ အချဉ်ရည်မှာလည်း တားမြစ်ထားတဲ့ ဓာတုဆိုးဆေး၊ အနံ့နဲ့အရောင်တွေမသုံးဖို့၊ သဘာဝအချဉ်ဓာတ် မဟုတ်ဘဲ ကျန်းမာရေးနဲ့မညီတဲ့ ဓာတုအချဉ်မျိုး မသုံးဖို့လိုတယ်၊ မလတ်ဆတ်တော့ဘဲ အချဉ်ပေါက်နေတာမျိုးမဖြစ်အောင် ထားဖို့လိုတယ်။ ကင်တဲ့အခါလည်း မကျက်တကျက်မဟုတ်ဘဲ နူးနပ်ပြီး ကျက်တဲ့အနေအထားရောက်အောင် ကင်ဖို့လိုတယ်၊ သန့်ရှင်းတဲ့လက်နဲ့ ကိုင်တွယ်ထားသိုဖို့ ယင်မနားဖို့ လိုအပ်ပြီး ဒီအချက်တွေ မညီညွတ်ရင် ကလေးတွေ ရောဂါမျိုးစုံရနိုင်တယ်။ ကလေးတွေရဲ့ ဘဝရှေ့ရေးနဲ့ မိသားစုဘဝအထိ ဆိုးကျိုးသက်ရောက်စေနိုင်တယ်။ ဒါကြောင့် မိမိအကျိုးတစ်ခုတည်း မကြည့်ဘဲ အများအကျိုး၊ မိမိအကျိုး မျှတစွာကြည့်ပြီး အသက်မွေးဝမ်းကျောင်းဖို့လိုပါတယ်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် တာဝန်အရ စနစ်တကျ စစ်ဆေးပြီး စားသုံးရန်သင့်/မသင့် အဖြေမှန် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းပြမှာကြားသွားလေသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
## ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကျင်းပ

**နေပြည်တော်　မေ ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်က အဖွင့်အမှာ စကားပြောကြားရာ၌ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်အတွက် အထောက်အကူဖြစ်စေသည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ အသိပညာ၊ အတတ်ပညာများကိုစဉ်ဆက် မပြတ်လေ့လာသင်ယူလိုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ရုံးလုပ်ငန်းအခြေခံသဘောတရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်လုပ်ကိုင်စေခြင်းဖြင့် လုပ်ငန်းခွင်ပျော်ရွှင်ပြီး အမှန်တကယ်အရည်အသွေး ပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်




ရည်ရွယ်၍ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား/သင်တန်းသူများကို နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာဆောင်ရွက်ရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအနက် ဝန်ထမ်းများနှင့် ပတ်သက်သည့် ကောက်နုတ်ချက်များ၊ ရုံးလုပ်ငန်းအခြေခံသဘောတရားများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ စတိုပစ္စည်းစာရင်းနှင့် အမှုတွဲထိန်းသိမ်းနည်းများ၊ မိမိတို့ကိုင်တွယ် ကျင့်သုံးရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေနှင့်ဆက်စပ်

ဥပဒေများအား သင်ကြားဆွေးနွေးပေးမည် ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းနိုင်မှု၊ လက်တွေ့လုပ်ငန်းနယ်ပယ်မှာ အသုံးဝင်သည့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရုံးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ လေ့လာသင်ယူမှတ်သားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိဌာန/အဖွဲ့အစည်း ဖွံ့ဖြိုးတိုး တက်အောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူ့စွမ်းအားအရင်းအမြစ်၊ အရင်းအနှီးနှင့် နည်းပညာများ လိုအပ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျ မွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သင်တန်းသား/ သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပို့ချပေးမည့် ဘာသာရပ်များကိုလေ့လာသင်ယူသိရှိနားလည်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် တိကျမှန်ကန်မြန်ဆန်စွာ လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားခဲ့ပါသည်။သင်တန်းသို့ကော်မရှင်ရုံးမှ သင်တန်းသား/ သင်တန်းသူ (၃၄) ဦးတို့က In-House အဖြစ်လည်းကောင်း၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများမှ သင်တန်းသား/သင်တန်းသူ (၁၆) ဦးတို့က Online စနစ်ဖြင့်လည်းကောင်း တက်ရောက် ခဲ့ပြီး သင်တန်းကာလမှာ မေလ ၈ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ရက်သတ္တပတ်(၄)ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အင်္ဂလိပ်စာအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၀၉:၃၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား ၊ သင်တန်းသူ (၃၀) ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က သင်တန်းဆင်းအမှာစကား ပြောကြားရာ၌ ကော်မရှင်အနေဖြင့် ဝန်ထမ်းများအတွက်လိုအပ်သည့်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို အခါအားလျော်စွာဖွင့်လှစ်ပေးလျက်ရှိကြောင်း၊

ဝန်ထမ်းများအနေဖြင့် ကြိုးစား သင်ယူကြပြီး ပြန်လည်အသုံးချနိုင်ရန် စဉ်ဆက်မပြတ် လေ့လာကြဖို့လည်း တာဝန်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပညာရပ်တစ်ခုကို လေ့လာရာမှာ သင်တန်းကာလအတွင်းတာဝန်ကျေသင်ယူလေ့လာခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင်တတ်သိလိုစိတ်ဖြင့် ကြိုးစားလေ့လာမှသာလျှင် ထိရောက်သည့် သင်တန်းတစ်ခု ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ကော်မရှင်ရုံးတွင် တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် အမြဲသွက်လက်တက်ကြွပြီး ထက်မြက်နေရန် အတွက် စဉ်ဆက်မပြတ် ကြိုးစားလေ့လာနေရန်လိုအပ်ကြောင်း၊လုပ်ငန်း တာဝန်များ ထမ်းဆောင်ရာတွင်လည်း ကော်မရှင်ကျင့်ဝတ်နှင့်အညီ ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ကော်မရှင်၏အဓိကတာဝန်မှာ သန့်ရှင်းသောအစိုးရ၊ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေးဖြစ်သည့်အတွက်ကောင်းမွန်သည့်အရွေ့တစ်ခု ဖြစ်ပေါ်စေရေး လုံ့လဝီရိယထား ကြိုးပမ်း အားထုတ်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၎င်းနောက် ကော်မရှင်ဥက္ကဋ္ဌက သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ရရှိခဲ့ကြသည့် သင်တန်းသား (၃) ဦးအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသား (၃၀) ဦးကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။








“အဂတိလိုက်စားမှုတားဆီးဖို့ “ 1111 ” ကိုဖြေကြားစို့”

“ဝန်ဆောင်မှုများကောင်းစေရေး “ 1111 ” ကိုဖြေကြားပေး”

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်နှင့် ဝန်ထမ်းများတွေ့ဆုံပွဲ ကျင်းပ

၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊စုပေါင်းစားရိပ်သာ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌဒေါက်တာဌေးအောင်နှင့် ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပပြုလုပ်ခဲ့ရာ တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်က အဖွင့်အမှာ စကားပြောကြားရာ၌ ကော်မရှင် အနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်တင်း၍ အကောင်းဆုံး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရန်ပုံငွေထည့်ဝင်မှုများဖြင့် "မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်လစဉ်စောင့်ရှောက်ထောက်ပံ့ ကူညီမှုအစီအစဉ်" အရ ဝန်ထမ်းများအား လစဉ်ထောက်ပံ့ပေးလျက် ရှိပါကြောင်း၊ သင်္ကြန်ကာလအတွင်း ဇာတိနေရပ်သို့ ပြန်ကြမည့် ဝန်ထမ်းများအနေဖြင့် အထူးဂရုပြု၍ သွားလာကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်ကြရန် လိုအပ်ပါကြောင်း၊ International Anti-Corruption Day တွေမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏အမှာစကားများသည် ဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်များဖြစ်၍သေချာစွာလိုက်နာ မှတ်သားရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်း များ အနေဖြင့်လက်ရှိတာဝန်ယူထားသည့်နေရာမှအ ထက် (၂) ဆင့်၊ အောက်(၂) ဆင့်၏ လုပ်ငန်းတာဝန်များကို နှံ့စပ်စွာ သိရှိရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွတာဝန်ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။





ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ဧပြီလအတွက် "မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့် လစဉ် စောင့်ရှောက်ထောက်ပံ့ ကူညီမှုအစီအစဉ်" အရ အမှုထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများရှိ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်ရုံးဝန်ထမ်းများ ၏ မိတ်ဆုံနေ့လယ်စာစားပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများမိတ်ဆုံနေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂:၀၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းစားရိပ်သာဆောင်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ နေ့လယ်စာစားပွဲတွင်ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က မိတ်ဆုံစားပွဲ ကျင်းပ ခြင်းဖြင့် ကော်မရှင်ရုံးဝန်ထမ်းများအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လာမည်ဖြစ်ကြောင်း၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည်သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး စနစ်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်





ကောင်းမွန်စေရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဝန်ထမ်းများအပေါ် ဆရာ၊ တပည့်၊ မိဘနှင့် သားသမီးကဲ့သို့ စောင့်ရှောက် ပေးလျက် ရှိကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်မှုကို အလေးထားပါကြောင်း ပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်နှင့် ရုံးခွဲများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များတွင် မီးဘေးလုံခြုံရေးအသိပညာပေးဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများ**





**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်တွင် မီးဘေးလုံခြုံရေးအသိပညာပေး ဆွေးနွေးမှုနှင့် သရုပ်ပြဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ**





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်) တွင် မီးဘေးလုံခြုံရေးအသိပညာပေး ဆွေးနွေးမှုနှင့် သရုပ်ပြဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (မန္တလေး) တွင် မီးဘေးလုံခြုံရေးအသိပညာပေး ဆွေးနွေးမှုနှင့် သရုပ်ပြဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (တောင်ကြီး) တွင် မီးဘေးလုံခြုံရေးအသိပညာပေး ဆွေးနွေးမှုနှင့် သရုပ်ပြဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (မော်လမြိုင်) တွင် မီးဘေးလုံခြုံရေးအသိပညာပေး ဆွေးနွေးမှုနှင့် သရုပ်ပြဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ

# “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာသုခ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ် (၁၄၄)၊

ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

**Email Address – accm@accm.gov.mm ၊**

**Website Address – http://www.accm.gov.mm**